| | | ခေတ္တဆိုင်းငံ့ခံရသူများသည် သက်ဆိုင်ရာ သတ်မှတ်ထားသော အရေးယူခြင်း ကာလအတွင်း အရက်နှင့်မူးယစ်ဆေးဝါး ကာကွယ် |
| 239 | X | ယာဉ်မောင်းသူသည် အရက်သောက်သုံးမှု စစ်ဆေးခြင်းကို ငြင်းပယ်ပါက ဒဏ်ငွေ ၃၀၀၀၀ပေးဆောင် ရမည်။ |
| 240 | ○ | မော်တော်ယာဉ်ဟိုင်းဝေးမဟုတ်သော အမြန်လမ်းမ၏ သာမန်လမ်းအပိုင်းတွင်မောင်းနှင်နေစဉ် ယာဉ်မောင်း၊ ရှေ့ထိုင်ခုံတွင်ထိုင်သူ (သို့) ယာဉ်ငယ်၏နောက်ထိုင်ခုံတွင်ထိုင်နေသူသည် ထိုင်ခုံခါးပတ်ပတ်မထားလျှင် ယာဉ်မောင်းအား ထိုင်ဝမ်ဒေါ်လာ၁၅၀၀ဒဏ်ငွေ ဆောင်စေရမည်။ |
| 241 | ○ | ယာဉ်မောင်းသူသည ်ယာဉ်မောင်းနေစဉ်မိုဘိုင်းဖုန်း၊ ကွန်ပြူတာ (သို့) အခြားအလားတူကိရိယာမျိုးပြောဆိုသုံးစွဲခြင်း၊အချက်အလက်ပေးပို့ခြင်း (သို့) ယာဉ်မောင်းခြင်းကို အနှောက်အယှက်ဖြစ်စေမည့် အခြားအပြုအမူများပြုလုပ်ပါက ထိုင်ဝမ်ဒေါ်လာ ၃၀၀၀ ဒဏ်ငွေ ပေးဆောင်စေရမည်။ |
| 242 | ○ | ကားမောင်းသူသည် အရက်သောက်ပြီး ကားမောင်းပါက အယ်လကိုဟောအပျစ်ဒီဂရီမှာ စံညွှန်းထက်မြင့်လျှင် ထိုင်ဝမ်ငွေ ၃၀၀၀၀-၁၂၀၀၀၀ယွမ် ငွေဒဏ်ချမှတ်ပြီး မော်တော်ကားနှင့် ကားမောင်းလိုင်စင်ကို ထိန်းချုပ်ရမည်။ |
| 243 | ○ | ကားမောင်းသူသည် အရက်သောက်ပြီး ကားမောင်းပါက အယ်လကိုဟောအပျစ်ဒီဂရီမှာ စံညွှန်းထက်မြင့်လျှင် ထိုင်ဝမ်ငွေ ၃၀၀၀၀-၁၂၀၀၀၀ယွမ် ငွေဒဏ်ချမှတ်ပြီး မော်တော်ကားနှင့် ကားမောင်းလိုင်စင်ကို ထိန်းချုပ်ရမည်။ |
| 244 | ○ | ကားကြီးသည် စည်းမျဉ်းများနှင့်အညီ ကားမောင်းမှတ်တမ်းတင်စက်၊ မောင်းနှင်မှုဆိုင်ရာ အမြင်အာရုံစနစ်စက်များကို တပ်ဆင်ရန် ပျက်ကွက်ခြင်း (သို့) ကားမောင်းမှတ်တမ်းတင်စက်၊ မောင်းနှင်မှုဆိုင်ရာ အမြင်အာရုံစနစ်စက်များ စနစ်တကျ လည်ပတ်မှု မရှိ (သို့) ယာဉ်မောင်းသူသည် အချက်အလက်များကို မှန်ကန်စွာ မှတ်တမ်းတင်ရန် ပျက်ကွက်ပါက ဒဏ်ငွေများအပြင် အရေးပေါ်စစ်ဆေးရေးတွင်ပါဝင်ရန် အမိန့်ပေးခံရမည်။ |

| | | |
|---|---|---|
| 245 | ○ | ယာဉ်ငယ်အမောင်းလိုင်စင်ဖြင့် အကြီးစားယာဉ်မောင်းနှင်လျှင် ယာဉ်ကြီးပိုင်ရှင်နှင့် ယာဉ်မောင်းတဦးစီကို ဒဏ်ငွေ ၄၀၀၀၀-၈၀၀၀၀ထိ တပ်မည့်အပြင် ယာဉ်စည်းကမ်းဖောက်ဖျက်မှု တစ်ခါမှတ်ခံရမည်။ |
| 246 | ○ | အသက်၁၈မပြည့်၊ ယာဉ်လိုင်စင်မရှိသူသည် ယာဉ်အသေးစား သို့မဟုတ် ဆိုင်ကယ်မောင်းနှင်ပါက ဒဏ်ငွေဆောင်ရမည့်အပြင် ယာဉ်မောင်းသူနှင့် ယင်း၏မိဘ သို့မဟုတ် အုပ်ထိန်းသူအား တပြိုင်နက် လမ်းစည်းကမ်းလိုက်နာရေးသင်းတန်းကို သက်ရောက်သင်ယူရမည်။ |
| 247 | X | သတ်မှတ်ထားသည့် အလေးချိန်ထက် ကုန်ကျော်လွန်စွာ တင်ဆောင်ခြင်း(သို့ ) တံတားဖြတ်ကျော်ရာတွင် ကန့်သတ်ထားသော အလေးချိန်ထက်ကျော်လွန်ပါက နောက်မဖြစ်ရန်သတိပေးခြင်း(သို့ )<br>ဖြတ်သန်းခွင့်ပြုသည့်အလေးချိန်ထက်ကျော်လွန်နေပါက ယာဉ်ပိုင်ရှင် ဒဏ်ငွေ၁၀၀၀၀ ပေးဆောင်ရမည်။ |
| 248 | ○ | ယာဉ်မောင်းနှင်ရာတွင် ကန့်သတ်ထားသည့်ဦးတည်ချက်အတိုင်း မောင်းနှင်ရမည်။ စည်းကမ်းဖောက်ဖျက်ပါက ဒဏ်ငွေဆောင်ရမည့်အပြင် စည်းကမ်းဖောက်ဖျက်သည့်အမှတ် မှတ်ခြင်းခံရမည်။ |
| 249 | ○ | လူသွားလမ်းတွင် ယာဉ်မောင်းနှင်ပါက ဒဏ်ငွေအပြင် စည်းကမ်းမလိုက်နာသည့်အမှတ် မှတ်ခံရမည်။ |
| 250 | X | ယာဉ်မောင်းသည် မီးပွိုင့်မီးနီဖြတ်သန်းပါက ဒဏ်ငွေသာဆောင်၍ စည်းကမ်းမလိုက်နာမှုမှတ်ချက် သုံးချက်ပေးရန်မလို။ |
| 251 | ○ | ဘယ်ဘက်ကွေ့ခွင့်မပြုသောလမ်းတွင် ဂငယ်ကွေ့ကွေ့ခွင့်မပြု။ စည်းကမ်းမလိုက်နာပါက ဒဏ်ငွေအပြင် စည်းကမ်းမလိုက်နာ သည့်အမှတ် မှတ်ခံရမည်။ |
| 252 | X | အဝိုင်းပတ်ရာတွင် ပတ်မောင်းရန်အလုပ်ရှုပ်၍ လမ်းကျဉ်းမှပတ်မောင်းလျှင် ဒဏ်ငွေဆောင်ရခြင်းမရှိဘဲ စည်းကမ်းဖောက်ဖျက်ခြင်း မှတ်တမ်းတင်ခြင်းလည်းခံရမည် မဟုတ်ပေ။ |
| 253 | ○ | အရှေ့ယာဉ်မှ ဖြည်းဖြည်းဘေးကပ်မောင်းနှင်၍ ကျော်တက်ခွင့်မပေးမီ ကားကျော်တက်ပါက ဒဏ်ငွေပေးဆောင်ရမည်။ |

# 汽車法規是非題

| | | |
|---|---|---|
| 254 | X | ယာဉ်မောင်းသူသည် တစ်နှစ်အတွင်း ယာဉ်စည်းကမ်းမလိုက်နာမှု ဖြချက်ထက်ကျော်လွန်လျှင် လိုင်စင်တစ်လသာသိမ်းသောကြောင့် လမ်းစည်းကမ်းလိုက်နာရန်မလို။ |
| 255 | X | ယာဉ်မောင်းသည် သက်မှတ်စံနှုန်းထက်ကျော်လွန်စွာ အရက်သောက်သုံး၍ ယာဉ်မောင်းနှင်ပါက စည်း ကမ်းမလိုက်နာမှု မှတ်ချက်နှစ်ချက်ပေး၍ ဒဏ်ငွေပေးဆောင်ရန်မလို။ |
| 256 | X | လမ်းစည်းကမ်းမလိုက်နာမှု အမှတ်အသားသည် ယာဉ်လိုင်စင်တွင် မှတ်သားခြင်းမရှိသဖြင့် လမ်းစည်း ကမ်းလိုက်နာရန်မလို။ |
| 257 | ○ | ၃လအတွင်း လမ်းစည်းကမ်းမလိုက်နာမှုအမှတ် ၃မှတ်ထက်ကျော်လွန်ပါက ယာဉ်မောင်းခွင့်လိုင်စင်အား တစ်လကြာ ထိန်းသိမ်းခံရမည်။ |
| 258 | ○ | ဥမင်လိုဏ်ခေါင်းအတွင်း ယာဉ်ရပ်ခြင်း၊ ယာဉ်ခေတ္တရပ်နားခြင်း၊ ကားနောက်ဆုတ်ခြင်းနှင့် ကားကျော်တက်ခြင်း မပြုရ။ |
| 259 | ○ | ဥမင်လိုဏ်ခေါင်းအတွင်း ယာဉ်မောင်းနှင်ရာတွင် ယာဉ်လမ်းကန့်သတ်မှု အမှတ်အသားအတိုင်း လိုက်နာမောင်းနှင်ရမည်။ |
| 260 | ○ | ဥမင်လိုဏ်ခေါင်းအတွင်းယာဉ်မောင်းနှင်ရာတွင် သတ်မှတ်ထားသည်ယာဉ်မောင်းနှင်နှုန်းအတိုင်း လိုက်နာမောင်းနှင်ရမည်။ |
| 261 | X | ဥမင်လိုဏ်ခေါင်းအတွင်း ယာဉ်ရှုတ်ထွေးမှု သို့မဟုတ် အရေးပေါ်ကိစ္စဖြစ်ပွါးပါက ပြန်လည်၍ကွေ့ပြီး အမြန်ဆုံးထွက်ခွာရမည်။ |
| 262 | X | အဝေးပြေး(အမြန်မောင်း)လမ်းတွင် အမြန်မောင်းနှင်သောလမ်းကြောင်းသည် အဓိကယာဉ်လမ်းကြော ထွက်ပေါက်၏ ညာဘက်တွင်ရှိသည်။ ယင်းသည် ယာဉ်မောင်းအားအဓိကယာဉ်လမ်းကြောမှ ထွက်ခွာ၍အမြန်မောင်းနှင်ရန်ဖြစ်သည်။ |
| 263 | X | အဝေးပြေး(အမြန်)လမ်းမကြီးတွင် အနှေးမောင်းယာဉ်လမ်းကြောသည် အဓိကယာဉ်လမ်းကြော၏ ညာဘက်တွင်ရှိသည်။ ယင်းသည်ယာဉ်မောင်းအား အဓိကယာဉ်လမ်းကြောင်းအတွင်း အရှိန်လျှော့ဝင်ရန်ဖြစ်သည်။ |
| 264 | ○ | အဝေးပြေးလမ်းမတွင်မောင်းနှင်ပါက ယာဉ်လမ်းကြောခွ၍ ကွေ့ပတ်မောင်းနှင်ခြင်းနှင့် အခြားယာဉ်လမ်းကြော၏ လမ်းဘေးတွင်ပြန်ကွေ့၍ မောင်းနှင်လို့မရ။ |

| | | |
|---|---|---|
| 265 | ○ | အဝေးပြေး(အမြန်)လမ်းမကြီးတွင် မောင်းနှင်ပါက အထူးအကြောင်းအရာကြောင့်<br>အရှိန်လျှော့ခြင်းမှလွဲ၍ ရုတ်တရက်အရှိန်လျှော့ခြင်း (သို့) လမ်းဘေးခေတ္တယာဉ်ရပ်နားခြင်း<br>(သို့ ) ယာဉ်ရပ်နားခြင်းမပြုရ။ (အဝေးပြေးလမ်းစည်းကမ်း၁၀) |
| 266 | X | အဝေးပြေးလမ်းမကြီး၏ အရှိန်လျှော့မောင်းနှင်သောလမ်း (သို့ )<br>တစ်လမ်းမောင်းလမ်းဆုံတွင် ကား ကျော်တက်ခြင်းမပြုရ။<br>သို့သော်အမြန်မောင်းနှင်နိုင်သောလမ်းကြောတွင်<br>အရှေ့မှယာဉ်သည်နှေးကွေးစွာမောင်းနှင်ပါက ကားကျော်တက်နိုင်သည်။ |
| 267 | X | အဝေးပြေးလမ်းမ၏ လမ်းကြောပြောင်းလဲမှုသည်<br>အဓိကယာဉ်လမ်းကြော၏ညာဘက်တွင်ရှိပြီး အဓိကယာဉ်ကြောအတွင်းဝင်ရောက်ရန်<br>အရှိန်တိုးမောင်းနှင်နိုင်သော ယာဉ်လမ်းကြောဖြစ်သည်။ |
| 268 | X | လမ်းဆုံသည် အဓိကယာဉ်လမ်းကြော၏ ညာဘက်တွင်ရှိပြီး<br>အဓိကယာဉ်ကြောမှထွက်ရန် အရှိန်လျှော့မောင်းနှင်ရသော ယာဉ်လမ်းကြောဖြစ်သည်။ |
| 269 | ○ | အရှိန်လျှော့မောင်းနှင်လမ်းကြောသည် အဓိကယာဉ်လမ်းကြော၏ ညာဘက်တွင်ရှိပြီး<br>အဓိကယာဉ်ကြောအတွင်းမှထွက်ခွါရန် အရှိန်လျှော့မောင်းနှင်ရသော<br>ယာဉ်လမ်းကြောဖြစ်သည်။ |
| 270 | ○ | လူနှင့်ကုန်တင်ယာဉ်၊ အဆက်တွဲယာဉ် ကုန်တင်၍ အလေးချိန်ချိန်စဉ် အမှတ်အသား၊<br>သတ်မှတ်မျဉ်း အတိုင်းမောင်းနှင်၍ အလေးချိန်ချိန်သောနေရာတွင်<br>ရုတ်တရက်ဘရိတ်မအုတ်ရ။ |
| 271 | ○ | အဓိကယာဉ်ကြောသည် လမ်း၏အလယ်ရှိယာဉ်ရှေ့သို့ တည့်တည့်သွားလမ်းကြော<br>ဖြစ်သည်။ |
| 272 | X | ကာကွယ်မှုကို မြှင့်သော အဆင့်မျှင့် အများကြီးကို ဖြစ်စေသည်ကြောင်း သော<br>အရွယ်အမြင်ကိုအများစုမှရှာဖွေနေစဉ် သက်ဆိုင်ကြားကို သင်္ကေတများနှင့်<br>လယ်ကွင်းများတွင် အထောက်အပြောကြားလာသည် သို့မဟုတ်<br>တစ်လမ်းတည်းမှတ်မြင့်သော အလယ်တစ်ရက်မှ ရောက်ကွက်တံခါးပြောင် မြင့်သော<br>ရမည်းတို့မှ ထူးစက်မှသက်တမ်းကို ပြန်လာသည်ကြောင်း လက်ခံမည်။ |
| 273 | X | ကာကွယ်မှုအချိန်သည် အများကြီးမြှင့်ပါက အလယ်အလတ်မြှင့်ပါက အဆင့်အတန်းမှာ<br>အရှိကောင်းမြင်သော အချိန်ကို ကာကွယ်မှုမှ အသက်အရွယ်အမြင်အချိန်တစ်ရက်ကြာင်း |

| | | |
|---|---|---|
| | | ကြောင်းကွဲကိုလည်း ထိချောက်နိုင်စေရန် သက်တမ်းမှ သက်တမ်းအချိန်မှာ ကာကွယ်မှုကို စိတ်ကြိုက်သူများအား သက်ဆိုင်ရာ ကာကွယ်ရန် အနက်တကန်ကိုသာ သုံးဆယ်မှ ရှာဖွေနေသည်။ |
| 274 | ○ | အဝေးပြေး(အမြန်)လမ်းမကြီးတွင်မောင်းနှင်ပါက အဝေးပြေးလမ်းမကြီး၏၏ သတ်မှတ်ထားသော လမ်းစည်းကမ်းလိုက်နာရမည့်အပြင် လမ်းအန္တရယ်ကင်းရေးအတွက် လက်တွေ့လိုက်နာဆောင်ရွက်ရမည်။ |
| 275 | ○ | ဟိုင်းဝေးလမ်းမကြီးဆိုသည်မှာ ယင်း၏ဝင်/ထွက်ပေါက်ကို ကန့်သတ်ထားပြီး လမ်းအလယ်မှ နှစ်လမ်းမောင်းအဖြစ်ခွဲထားကာ၊  ယင်း၏အစနှင့်အဆုံးမှလွဲ၍ အခြားလမ်းများနှင့် အဆင့်ခွဲနည်းဖြင့်သာဆုံထားသည့် ကားလမ်းမျိုးဖြစ်သည်။ |
| 276 | X | ဟိုင်းဝေးလမ်းပေါ်တွင်အနှေးယာဉ်ကြော၊ အမြန်ယာဉ်ကြော၊ လူသွားလမ်းနှင့် မျဉ်းကြားများရှိသည်။ |
| 277 | ○ | အဝေးပြေးလမ်းဆုံဆိုသည်မှာ ဟိုင်းဝေးနှင့်ဖရီးဝေး(အမြန်)တို့အကြား၊ ဟိုင်းဝေး(သို့)ဖရီးဝေးနှင့် အခြားလမ်းတို့အကြား ဆက်သွယ်ရာတွင် ပတ်ကွေ့သည့်လမ်းမျိုးဖြင့် အဆင့်ခွဲပြီး ၎င်းတို့ကိုဆုံစေသည့် အစိပ်အပိုင်းဖြစ်သည်။ |
| 278 | X | အဝေးပြေး(အမြန်)လမ်းမကြီးတွင် လမ်းအလယ်လမ်းခွဲနေရာတွင် ဂငယ်ကွေ့ကွေ့လို့ရ။ |
| 279 | ○ | အဝေးပြေး(အမြန်)လမ်းမကြီး၏နယ်မြေသည် လမ်းအသုံးပြုခြင်းနယ်နိမိတ်နှင့် အခြားလမ်းများ၏ ဆက်စပ်မှုဖြင့် ခွဲခြားထားသည်။ |
| 280 | ○ | အဝေးပြေး(အမြန်)လမ်းမကြီးတွင် မောင်းနှင်စဉ် အရေးပေါ်ကိစ္စဖြစ်ပွါးရာ ဆက်လက်မမောင်းနှင်နိုင်သောအခါ ယာဉ်အားလမ်းမကြီးမှ လမ်းဘေးသို့ ရွှေ့သွား၍ လာရောက်ကယ်ဆယ်ခြင်းကိုစောင့်ရ မည်။ |
| 281 | ○ | အဝေးပြေး(အမြန်)လမ်းမကြီးတွင် ကားပျက်၍ လမ်းဘေးတွင်းရပ်နားပါက ၁နာရီထက်ပို၍မရပ်ရ။ |
| 282 | ○ | အဝေးပြေး(အမြန်)လမ်းမကြီးတွင် မောင်းနှင်ရာ၌ သတ်မှတ်ထားသောနေရာဒေသမှလွဲ၍ ယာဉ်လျှောက်ရပ်နား၍ ခရီးသည်အတက်အဆင်းပြုခြင်း(သို့) ကုန်တင်ကုန်ချပြုလုပ်ခြင်းမပြုရ။ |

# 汽車法規是非題

| | | |
|---|---|---|
| 283 | ○ | အဝေးပြေး(အမြန်)လမ်းမကြီး၏ ယာဉ်မောင်းအမှတ်အသားသည်<br>အဝေးပြေး(အမြန်)လမ်းမကြီး၏ အထူးအမှတ်အသားမှလွဲ၍ အချို့အမှတ်အသားသည်<br>သာမာန်ယာဉ်မောင်းအမှတ်အသားများဖြစ်သည်။ |
| 284 | ○ | အဝေးပြေး(အမြန်)လမ်းမကြီး၏ အလယ်ခွဲခြားဒေသသည်<br>နှစ်လမ်းမောင်းသွားလာရန်ခွဲခြားသော အလယ်မျဉ်းဒေသဖြစ်သည်။ |
| 285 | X | ဟိုင်းဝေးလမ်းမပေါ်တွင် မောင်းနှင်နေစဉ်၊ အထွက်လမ်းဆုံကို ကျော်လွန်မောင်းခဲ့လျင်<br>ချက်ခြင်းနောက်ပြန်ဆုတ် (သို့) ဂငယ်ကွေ့ကွေ၍ အထွက်လမ်းဆုံသို့ မောင်းနှင်နိုင်သည်။ |
| 286 | ○ | ဟိုင်းဝေးနှင့် အမြန်လမ်းမများအား တာဝန်ယူစီမံခန့် ခွဲသော ဌာနများ။ နိုင်ငံတော်အဆင့်<br>အဝေးပြေးလမ်းများသည် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဟိုင်းဝေးဗျူရိုနှင့် ဆိုင်သည်။<br>ပြည်နယ်အဆင့် လမ်းမကြီးများသည် ဆက်သွယ်ရေးဝန်ကြီးဌာန၊<br>ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ရုံးချုပ်နှင့် ဆိုင်သည်။ |
| 287 | ○ | အဝေးပြေး (အမြန်)ပြေးကားလမ်း မိုင်နှုန်းကန့်သတ်ချက်အတိုင်း မောင်းနှင်ရမည်။ |
| 288 | X | ဆလင်ဒါအငွေ့ထုတ်လုပ်နှုန်း ၅၅၀ ကုဗစင်တီမီတာ အထက်ရှိသော<br>လေးလံသည့်မော်တော်ယာဉ်ကြီးများသည် စွမ်းဆောင်ရည်မြင့်မားပြီး<br>ယာဉ်မောင်းသည်လည်း ကျွမ်းကျင်သောကြောင့် ဟိုင်းဝေးနှင့်အမြန်လမ်းမကြီးပေါ်တွင်<br>မည်သည့်လမ်းပိုင်း၊ မည်သည့်အချိန်ပိုင်းတွင်မဆို မောင်းနှင်နိုင်သည်။ |
| 289 | X | အင်ဂျင်မြင်းကောင်ရေအား ၁၂၀၀ကုဗစင်တီမီတာ ‹ C.C. › အထက်<br>အကြီးစားဆိုင်ကယ်သည် အမြန်လမ်းပေါ်မောင်းနေစဉ် ဆိုင်ကယ်အသစ် သို့မဟုတ်<br>အဟောင်းတို့သည် အဝေးပြေးလမ်းပေါ်တက်ခွင့်မရှိ။ |
| 290 | X | အမြန်လမ်းမကြီး လက်ရှိအမြန်နှုန်း ကန့်သတ်ချက်သည် တစ်နာရီ ၁၂၀<br>ကီလိုမီတာဖြစ်သည်။ |
| 291 | ○ | ဟိုင်းဝေး၊ ဖရီးဝေးကားလမ်းတွင် မောင်းနှင်ချိန်၌ ရေ၊ ဘက်ထရီ၊ လောင်စာတို့<br>မပြတ်စေရ။ |
| 292 | X | ကားလမ်းပေါ် မောင်းင်နှင်ချိန်အတွင်း ကားပျက်လျှင် သို့မဟုတ်<br>အခြားအကြောင်းကြောင့် ယာဉ်ကြပ်သည့်အချိန်တွင် ကားကိုခဏရပ်၍ရသည်၊<br>သို့မဟုတ် လမ်းဘေးတွင် သွား၍ ရပ်ရသည်။ |

# 汽車法規是非題

| | | |
|---|---|---|
| 293 | ○ | ဟိုင်းဝေး၊ ဖရီးဝေးကားလမ်း၏ အတွင်းလမ်းကြောင်းသည် ကားကျော်မောင်းခွင့်ရသည့် လမ်းကြောင်းဖြစ်သည်၊ သို့သော်ကားလမ်း မကြပ်သည့်အချိန်တွင်ကားငယ်သည် ၄င်းလမ်းကြောင်း၌ခွင့်ပြုသည့် အမြင့်ဆုံးမိုင်နှုန်းအတိုင်း မောင်းခွင့်ရသည်။ |
| 294 | ○ | ဟိုင်းဝေးကားလမ်း၊ အမြင့်ဆုံးမိုင်နှုန်း ၁နာရီလျှင် ၉၀ကီလိုမီတာအထက် မောင်းခွင့်ရသည့်လမ်းတွင် ယာဉ်ငယ်သည် ကားအရှိန်၁နာရီ၈၀ကီလိုမီတာအောက် မောင်းပါက ကားအပြင် လမ်းကြောင်း၌မောင်းသင့်သည်။<br>fh၄င်းနောက်ဘေးကားလမ်းရှိအပြင် လမ်းကြောင်းကိုခေတ္တအသုံးပြု၍ အရှေ့ကားကိုကျော်မောင်းသင့်သည်။ |
| 295 | X | ဟိုင်းဝေးကားလမ်း အနားယူဂိတ်တွင် အနားယူသည့်ကားများ ၁၂နာရီထက်ကျော်လွန်၍ ရပ်နားခြင်းခွင့်မပြု။ |
| 296 | ○ | သာမန်ရာသီဥတု၌ အဝေး(အမြန်)ပြေးကားလမ်းတွင် မောင်းနှင်ချိန် ကန်သတ်ချက် မိုင်နှုန်းအတိုင်း မောင်းနှင်ရမည်။ |
| 297 | X | အမြန်လမ်းများပေါ်တွင် မြူသိပ်သည်းခြင်း၊ မီးခိုးထူထပ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း (သို့) လေပြင်း တိုက်ခတ်သောအခါ အနည်းဆုံး ယာဉ်မောင်းနှင်မှုနှုန်းကို တစ်နာရီ ကီလိုမီတာ ၆၀ ကျော်တွင် ဆက်လက် ထားရှိသင့်သည်။ |
| 298 | ○ | တလမ်းမောင်းလမ်းနှင့် အနှေးအမြန်ပြောင်းမောင်းသည့် ကားလမ်း၌ မောင်းသည့်ကားများ သတ်မှတ်ထားသည့်အရှိန်ထက် ကျော်မမောင်းရ။ |
| 299 | ○ | ဟိုင်းဝေ(သို့)ဖရီးဝေးကားလမ်းတွင် ကားမောင်းသည့်အခါ မိုင်နှုန်းကျော်ကာ အပြိုင်အဆိုင်မမောင်းရ။ |
| 300 | ○ | ကားအမြန်မောင်းနှင်စဉ် ကားမောင်းသူသည် စိတ်လှုပ်ရှားတတ်ပြီး ကားလမ်း အနောက်အယှက်နှင့် ကြုံသည့်အခါ ကားကိုပုံမှန်မမောင်းနိုင် ဖြစ်တတ်သည်။ |
| 301 | X | ကားအမြန်မောင်းနှင်စဉ် ယာဉ်မောင်းသူသည် အရေးပေါ်အဖြစ်အပျက်ကို ဖြေရှင်းနိုင်သည့်အင်အားရှိသည်။ |
| 302 | X | ကားအမြန်မောင်းနှင်စဉ် ကားမောင်းသူ၏ အမြင်အားသည် သာမာန်အချိန်အမြင်အား အတိုင်းမထူးခြားပေ။ |

| | | |
|---|---|---|
| 303 | ○ | ကားအမြန်မောင်းနှင်စဉ် ကားမောင်းသူသည် ဘယ်ညာနှစ်ဖက်မှ မောင်းနေသည့် ကားများကို အထူးသတိထားရမည်။ |
| 304 | ○ | လမ်းကျယ်ပြီး အနိမ့်အမြင့်အကွေ့အကောက်ရှိသည့် ဟိုင်းဝေး၊ ဖရီးဝေးကားလမ်းတွင် ကားမောင်းသူသည် ကန့်သတ်သည့် မိုင်နှုန်းမကျော်စေရန် ကားကို အချိန်မရွေးအထူး သတိထားပြီး မောင်းရမည်။ |
| 305 | ○ | အမြန်နှုန်းဖြင့် မောင်းနှင်နေစဉ် ကားတာယာသည်အပူချိန်မြင့်မားပြီး လိမ့်တွန့်ပုံပြောင်းသွားနိုင်၍ တာယာပန်းကောင်းမွန်ရန်လိုအပ်မည်။ တာယာသည် ဖိအားပုံမှန်ခံနိုင်သော တာယာဖြစ်ရမည်၊ သို့မှသာ တာယာပေါက်ကွဲခြင်းမှ ကာကွယ်နိုင်မည်။ |
| 306 | ○ | ကားအမြန်မောင်းလမ်းကြောင်းမှ အဓိကလမ်းကြောင်းသို့ ကူးသည့်အခါ အချက်ပြမီးပြပြီး အန္တရာယ်ကင်းသည့် အကွာအဝေးရှိမရှိ သတိထားရမည်။ |
| 307 | ○ | ဟိုင်းဝေး၊ ဖရီးဝေးကားလမ်းသို့ဝင်စဉ် အကယ်၍ ဘေးအနားက အဓိကလမ်းကြောင်းတွင် ကားအလွန်များပြီး သင့်တော်သည့်အချိန် အန္တရာယ်ကင်းစွာ ကားလမ်းကြောင်းထဲ မဝင်နိုင်သေးလျှင်အရှိန်မြင့် မောင်းသည့် လမ်းကြောင်း၌အရှိန်လျှော့၍ အခွင့်အရေး စောင့်ရမည်။ |
| 308 | ○ | ကားလမ်းကြောင်းကူးသည့်အခါ မိမိအရှေ့အနောက်ကားသိစေဖို့ ကြိုတင်ပြီးအချက်ပြမီးပြရမည်၊ အန္တရာယ်ကင်းဖို့ ဘယ်ညာနှစ်ဖက်ကမောင်းနေသည့် ကားများကို သတိထားရမည်။ |
| 309 | X | ယာဉ်မောင်းနေစဉ် ဘေးကားလမ်း ကားအချက်ပြ မီးပြတာမြင်တာနဲ့ မိမိကားကိုမကျော်နိုင်အောင် ကားကိုအရှိန်မြင့်ပြီး မောင်းရမည်။ |
| 310 | ○ | ယာဉ်ငယ်က ဟိုင်းဝေး၊ ဖရီးဝေးကားလမ်းတွင်မောင်းစဉ် အရှေ့ကားနှင့် အန္တရာယ်ကင်းသည့်အကွာအဝေး ရှိရမည်။ ကားအရှိန် ၁နာရီလျှင် ၉၀ ကီလိုမီတာမောင်းစဉ် အရှေ့ကားနှင့် အကွာအဝေး ၄၅မီတာအထက် ရှိစေရမည်။ |
| 311 | X | ဟိုင်းဝေး၊ ဖရီးဝေးကားလမ်းမောင်းစဉ် ထွက်ပေါက်ကျော်သွားပါက ကားချက်ချင်းရပ်ရသည်။ သို့မဟုတ် ကားနောက်ဆုတ်မောင်းရသည်။ |
| 312 | ○ | ဟိုင်းဝေး (သို့) အမြန်လမ်းများပေါ်တွင် ကားမောင်းနေစဉ် ကားရုတ်တရက် ပျက်ခဲ့လျှင် ပတ်ဝန်းကျင်ရှိ  ယာဉ်များ၏ လှုပ်ရှားမှုကို ဂရုပြုရမည်၊ ပထမဦးဆုံး လမ်းကြော |

| | | |
|---|---|---|
| | | အားလျှော့ရန် ဦးတည်ချက်အလင်းမီးကို ပြသပြီး လမ်းဘေးပေါ်သို့ တဖြည်းဖြည်း မောင်းနှင်ပါ။ ကားနောက်တွင် မီတာ ၅၀-၁၀၀ အကွာအဝေးအတွင်း  ယာဉ်ပျက်မှု အမှတ်အသား တစ်ခုထားပြီး ညွှန်ပြမီးများကို သတိပေးမီးများအဖြစ် ပြောင်းပါ။ |
| 313 | ○ | ကုန်တင်ယာဉ်တွင် လုံးချင်းကုန်ပစ္စည်းကိုယ်ထည်သည် ယာဉ်ဘော်ဒီအကျယ်ထက် ကျော်လွန်နေပါက ယာဉ်စထွက်လာသောဒေသ (သို့) ယာဉ်မှတ်ပုံတင်ရာဒေသရှိ ကုန်းလမ်းကြီးကြပ်ရေးဌာနမှ ယာယီခွင့်ပြုချက်လက်မှတ်လျှောက်ယူထားရမည်။ |
| 314 | ○ | ကုန်တင်ယာဉ်တွင် လုံးချင်းကုန်ပစ္စည်းတင်ပြီးနောက် အမြင့် ၄ မီတာထက်ကျော်လွန်ပါက၊ ယာဉ်စထွက်လာသောဒေသ (သို့) ယာဉ်မှတ်ပုံတင်ရာဒေသရှိ ကုန်းလမ်းကြီးကြပ်ရေးဌာနမှ ယာယီခွင့်ပြုချက်လက်မှတ် လျှောက်ယူထားရမည်။ |
| 315 | ○ | ဘတ်စ်ကားကြီး ဟိုင်းဝေး သို့မဟုတ် အမြန်လမ်းပေါ်တွင် မောင်းနှင်သည့်အခါ ယာဉ်မောင်းနှင့် အသက်လေးနှစ်အထက် ခရီးသည်များသည် ထိုင်ခုံခါးပတ်ကို တပ်ဆင်ရမည်။ |
| 316 | ○ | ဟိုင်းဝေး၊ ဖရီးဝေးကားလမ်းကြီးကြပ်ရေးဌာနက၊ အဝေး(အမြန်) ပြေးကားလမ်း၏ အထူးသတ်မှတ်လမ်း၊ သို့မဟုတ် လမ်းတပိုင်း၏လမ်းကြောင်း၌ မောင်းနှင်ခွင့်မပြု၊ သို့မဟုတ် အကန့်အသတ်ဖြင့်မောင်းနှင်ခွင့်ပြုသည့် အမိန့်ချနိုင်သည်။ ခရီးသည်အရေအတွက်လဲ သတ်မှတ် ခွင့်ရှိသည်။ |
| 317 | ○ | ဟိုင်းဝေး၊ ဖရီးဝေးကားလမ်းမောင်းသည့်အခါ ယာဉ်ကြောနှစ်ခုကြားခွပြီး မမောင်းရ၊ ပတ်ကွေ့မမောင်းရ၊ နောက်ဆုတ်မမောင်းရ၊ ပြောင်းပြန်မမောင်းရ။ |
| 318 | ○ | မော်တော်ယာဉ်သည် လမ်းမပေါ်မောင်းနှင်နေစဉ် ရုတ်တရက်အမြန်နှုန်းလျှော့ချခြင်း (သို့) မိမိကြိုက်သလို အလွယ်တကူယာဉ်ကြောပြောင်း မမောင်းရ။ |
| 319 | ○ | ဆလင်ဒါ အင္ဂေထုတ်လုပ်နှုန်း ၅၅၀ ကုဗစင်တီမီတာ မပြည့်သောမော်တော်ယာဉ်များ ဟိုင်းဝေးလမ်းမပေါ်တွင် မောင်းနှင်ခွင့်မပြု။ |
| 320 | ○ | ဟိုင်းဝေးကားလမ်း၏ အကွာအဝေးတခုရောက်တိုင်း အရေးပေါ်တယ်လီဖုန်းသခုရှိသည်။ ၎င်းဖုန်းသည် အရေးပေါ်အသုံးပြုရန်နှင့် လမ်းအခြေအနေ အကြောင်းကြားရန်အတွက် ဖြစ်သည်။ |

| | | |
|---|---|---|
| 321 | X | ဟိုင်းဝေး၊ ဖရီးဝေးကားလမ်း၏ အတွင်းလမ်းကြောင်းသည် ကားကျော်မောင်းခွင့်ရသည့် လမ်းကြောင်းဖြစ်သည်၊ သို့သော် ကားလမ်းမကြပ်သည့်အချိန်တွင် ကားကြီးကားငယ်သည် ၎င်းလမ်းကြောင်း၌ ခွင့်ပြုသည့်အမြင့်ဆုံး မိုင်နှုန်းအတိုင်း မောင်းခွင့်ရသည်။ |
| 322 | ○ | ကားကြီးများသည် ဟိုင်းဝေး၊ ဖရီးဝေးကားလမ်း၏ အပြင်လမ်းကြောင်းတွင် မောင်းသင့်သည်။ ၎င်းနောက် ဘေးယာဉ်ကြောကို ယာယီအသုံးပြု၍ ကားကျော်မောင်းခွင့်ရှိသည်။ |
| 323 | ○ | ကုန်တင်ကား ဟိုင်းဝေး၊ ဖရီးဝေးကားလမ်းမောင်းသည့်အခါ တင်ထားသည့်ကုန်ပစ္စည်းများကို သေချာစွာ ချည်နှောင်ထားရမည်၊ သဲများကို တင်ဆောင်ရာတွင် ကားဘော်တီထက် မကျော်စေရ၊ လုံခြုံစွာ ဖုံးအုပ်ထားရမည်။ |
| 324 | ○ | ဟိုင်းဝေး၊ ဖရီးဝေးကားလမ်းမတွင်မောင်းနှင်သည့် ကုန်တင်ကားများသည် ကုန်ပစ္စည်း တင်ဆောင်ရာတွင် သတ်မှတ်ထားသည့်အလေးချိန်ထက် ၂၀%ကျော်လွန်သည့်ကုန်များကို သယ်ဆောင်သောကြောင့် တိုင်ကြားခံ ရသည်၊ အကယ်၍ကျော်လွန်သည့် ကုန်များကို ချက်ချင်းမချနိုင်ပဲ ဆက်လက်မောင်းနှင်ပါက ဒဏ်ငွေဆက်လက်ဆောင်ရမည်။ |
| 325 | ○ | ကုန်တင်ကားများသည် ဟိုင်းဝေး၊ ဖရီးဝေးကားလမ်းမတွင် မောင်းနှင်သည့်အခါ အလွန်ရှည်သည့် ကုန်ပစည်းများတင်ဆောင်ရာတွင် သတ်မှတ်ထားသည့် အရှည်ထက် ကျော်လွန်သည့်အပိုင်းသည် ကားနောက်မီးနှင့် ကားနံပါတ်ပြားကို မကွယ်နေစေရ။ |
| 326 | ○ | မော်တော်ယာဉ် လမ်းမပေါ်မောင်းနှင်နေစဉ် ယာဉ်မောင်း၊ ရှေ့ထိုင်ခုံတွင်ထိုင်နေသူနှင့် ယာဉ်ငယ်နောက်ထိုင်ခုံတွင်ထိုင်သူတို့သည် ထိုင်ခုံခါးပတ် ပတ်ထားရမည်။ |
| 327 | X | ခရီးသည်တင်ဘတ်စ်ကားများသည် အဝေးပြေးလမ်းမတွင်မောင်းနှင်သည့်အခါ မတ်တတ်ရပ်ခရီးသည် တင်ဆောင်ခွင့်ရှိသည်။ |
| 328 | ○ | ဟိုင်းဝေး၊ ဖရီးဝေးကားလမ်းမတွင်မောင်းနှင်သည့် ကားများသည် ဟွန်းဆက်တိုက်တီးခြင်း၊ မီးအပြောင်းအလဲပြုခြင်းနှင့် အခြားနည်းဖြင့် အရှေ့ကားကိုကျော်လွန်ခြင်းမပြုရ။ |
| 329 | ○ | အမြန်သွားလမ်း သို့မဟုတ် အဝေးသွားလမ်းတွင် မောင်းနှင်ရာမှာ လေးဘီးကျော် မော်တော်ကား ထိုင်ယာမျက်နှာ ပွန်းစေမှုသည် တရုတ်နိုင်ငံတော် စီအင်အက်စ်၁၄၃၃ |

| | | |
|---|---|---|
| | | မော်တော်ကားသုံး အပြင်ထိုင်ယာစံညွှန်း သို့မဟုတ် စီအင်အက်စ်၄၉၅၉ ဘတ်စကားသုံး ပြုပြင်ထိုင်ယာစံညွှန်း သတ်မှတ်သော အချက်ပြအမှတ်ထက် မကျော်စေရ။ |
| 330 | ○ | မော်တော်ယာဉ်များ အမြန်လမ်းမ(highway) သို့မဟုတ် အဝေးပြေးလမ်းမ(expressway)များပေါ် မောင်းနှင်နေစဉ် ယာဉ်အစိတ်အပိုင်း၊ စက်ပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများ မခိုင်မြဲခြင်း သို့မဟုတ် ကျွတ်ကျခြင်းများ မရှိရ။ |
| 331 | X | ဟိုင်းဝေးလမ်းမတွင် ကားပိတ်စဉ် အရေးပေါ်သုံးလမ်းတွင် မောင်းခွင့်ရှိသည်။ |
| 332 | ○ | ဟိုင်းဝေး၊ ဖရီးဝေးကားလမ်းကြီးကြပ်ရေးဌာန၌ မှတ်ပုံတင်ခွင့်ပြုချက်မရသည့် ဂရိန်းကားများ ဟိုင်းဝေး၊ ဖရီးဝေးကားလမ်းမတွင် လုန်းငန်းလုပ်ဆောင်ခွင့်မပြု။ |
| 333 | ○ | သာမန်ရာသီဥတုအခြေအနေ၌ ဟိုင်းဝေးလမ်းမတွင် ၁နာရီ ကီလို၁၀၀ဖြင့် မောင်းနှင်နေသည့်ယာဉ်များသည် ရှေ့နောက်ကားအကွာအဝေးသည် ကားကြီးဖြစ်လျှင်၈၀မီတာ၊ ကားငယ်ဖြစ်လျှင် ၅၀ မီတာကွာဝေးရမည်။ |
| 334 | ○ | ဟိုင်းဝေး၊ ဖရီးဝေးကားလမ်းမတွင် ၁နာရီ ကီလို၈၀ဖြင့် မောင်းနှင်နေသည့်ယာဉ်ငယ်များသည် အန္တရယ်ကင်းစေရန် အတွက်မိမိယာဉ်ကျောပေါ် ရှိယာဉ်များနှင့် အကွာအဝေးအနည်းဆုံး ၄၀မီတာရှိရမည်။ |
| 335 | ○ | ဟိုင်းဝေး၊ ဖရီးဝေးကားလမ်းမတွင် ညပိုင်းမောင်းနှင်စဉ် မြူနှင်း၊ အခိုးအငွေ့ မိုးကြီး၊ လေကြီးရွာသည့် အချိန်နှင့်ကြုံလျှင် သို့မဟုတ် အခြားအထူးအခြေအနေနှင့်ကြုံလျှင် ၎င်း၏အကွာအဝေး ပို၍ဝေးရမည်။ |
| 336 | ○ | အဝေး(အမြန်)ပြေးလမ်းမပေါ်မတက်ခင် အဝေးပြေးလမ်းမတွင် သတ်မှတ်သည့် ယာဉ်စည်းကမ်းဥပဒေကို နားလည်ထားရမည်။ |
| 337 | ○ | သတ်မှတ်နှုန်းထက်ကျော်၍ မောင်းနှင်ခြင်းသည် ယာဉ်တိုက်မှုဖြစ်ခြင်းများအနက် အဖြစ်များဆုံးဖြစ်သည်။ |
| 338 | X | အိပ်ရေးမဝ၊ ဦးနှောက်မကြည်လင်ပေမဲ့ကားကို သတိဖြင့်မောင်းလျှင် မောင်းနှင်၍ရသေးသည်။ |
| 339 | X | ကားအကြောင်း နားမလည်ခြင်းသည် ယာဉ်အန္တရယ်ကင်းခြင်းနှင့် မဆိုင်။ |
| 340 | ○ | လမ်းစည်းကမ်းကို လိုက်နာခြင်းသည် ယာဉ်အန္တရယ်ဖြစ်ပွားမှုကို လျှော့နည်းစေပါသည်။ |

# 汽車法規是非題

| | | |
|---|---|---|
| 341 | ○ | ယာဉ်တိုက်မှု မဖြစ်ပွားခင် သင့်တော်သည့် ကြိုတင်ပြင်ဆင်မှုကို<br>ကြိုတင်ပြင်ဆင်ယာဉ်မောင်းခြင်းဟု ခေါ်သည်။ |
| 342 | X | ကားမမောင်းခင် လမ်းအကြောင်း နားလည်ခြင်းသည် ယာဉ်အန္တရာယ်ကင်းခြင်းနှင့် မဆိုင်။ |
| 343 | X | ညသန်းခေါင်နှင့် အာရုံအချိန်တွင် ကားများနည်းပါးသဖြင့် လျှင်မြန်စွာမောင်းနှင်ခွင့်<br>ရှိသည်။ |
| 344 | ○ | ညပိုင်း ကားမမောင်းခင် ကားအရှေ့မှန်နှင့်နောက်ကြည့်မှန်နှစ်ဖက်ကို<br>စင်ကြယ်စွာသုတ်ခြင်းသည် ယာဉ်အန္တရာယ်ကင်းခြင်းကို အထောက်အကူဖြစ်စေသည်။ |
| 345 | X | ညပိုင်းကားမောင်းစဉ် မျက်နှာချင်းဆိုင်ကကား အနီးမီးကိုမသုံးတဲ့အခါ အန္တရာယ်ကင်းဖို့<br>အဝေးမီးထွန်းပြီး တုန့်ပြန်နိုင်သည်။ |
| 346 | ○ | ကားသည် ရေဝပ်တဲ့လမ်းရောက်သည့်အခါ အရှိန်လျှော့မောင်းသင့်သည်၊<br>ရေဝပ်သည့်လမ်းကို ကျော်သွားသည်နှင့် ဘရိတ်ကိုအုပ်ကြည့်ရမည်။ |
| 347 | ○ | ခေါင်းမော့၍ အဝေးသို့ကြည့်ပါ၊ အမြင် အကွာအဝေးကို တိုးပေးပါ၊<br>အန္တရာယ်ကင်းသည့်ကားအကွာအဝေးအနေအထား မပျက်စေနှင့်၊<br>ၖင်းအချက်များသည်ယာဉ်တိုက်မှုဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်သည့်<br>အချက်ကြီးတခု ဖြစ်သည်။ |
| 348 | ○ | ယာဉ်တိုက်မှုဖြစ်ပွားသည်နှင့် ကားကိုချက်ချင်းရပ်ရမည်၊ နဂိုအနေအထားမပျက်စေနှင့်၊<br>တာဝန်ရှိသည့်ဌာနသို့ အမြန်ဆုံးအကြောင်းကြားရမည်။ |
| 349 | ○ | ယာဉ်တိုက်မှုကို ဖြေရှင်းရာတွင် မည်သူ့၏တာဝန်ဖြစ်သည်ဟု တွက်ကပ်မနေပါနှင့်၊<br>ညှာတာသနားစိတ်ဖြင့် အသက်ကယ်ဆယ်ခြင်းကို ဦးစားပေးရမည်၊ ထို့မှသာ<br>အချိန်အလဟသဖြစ်၍ သေနာခြင်းများပြားခြင်းမှ ရှောင်ရှားနိုင်မည်။ |
| 350 | X | ကြီးမားသည့် ယာဉ်တိုက်မှုဖြစ်ပြီးသည်နှင့် လမ်းပမ်းအဆက်အသွယ်<br>ပြန်လည်ဖြောင့်ဖြူးစေဖို့ ယာဉ်တိုက်မှုဖြေရှင်းသည့်အဖွဲ့၏ ညွှန်ကြားချက်ကိုမစောင့်ပဲ<br>ကားလမ်းကိုရှင်းနိုင်သည်။ |
| 351 | ○ | ယာဉ်တိုက်မှုကိုဖြေရှင်းရာတွင် မိမိကိုယ်တိုင်၊ ဥပဒေအသိအမှတ်ပြုသည့်ကိုယ်စားလှယ်၊<br>အုပ်ထိန်းသူသို့မဟုတ် အမွေခံများသာဖြေရှင်းသင့်သည်။ |

| | | |
|---|---|---|
| 352 | X | ယာဉ်တိုက်မှုဖြစ်ခြင်းသည် ဒဏ်ရာရသူ၏ တာဝန်ဖြစ်သောကြောင့်အနှောက်အယှက်မဖြစ်စေဖို့ ဒဏ်ရာရသူကို ဆေးရုံပို့စရာ မလိုပေ။ |
| 353 | ○ | ယာဉ်မောင်းစဉ် ခရီးသည်များသည် ၎င်း၏ဦးခေါင်း သို့မဟုတ် ကိုယ်ကို အပြင်မထုတ်ရ။ |
| 354 | X | ဥမင်လိုဏ်ခေါင်းအတွင်း ကားလမ်းကြပ်ပါက၊ ကားနည်းသည့်ယာဉ်လမ်းကြောင်းသို့ ပြောင်း၍ မောင်းနှင်နိုင်သည်။ |
| 355 | ○ | ရှည်လျားသည့် ဥမင်လိုဏ်ခေါင်းအတွင်းကားပျက်၊ ယာဉ်တိုက်မှုဖြစ်လျှင် အသုံးပြုရန်အတွက် အရေးပေါ်တယ်လီဖုန်းထားရှိသည်။ |
| 356 | X | ဥမင်လိုဏ်ခေါင်းအတွင်း ယာဉ်တိုက်မှုဖြစ်သော်လဲ ခရီးသည်သေဆုံးခြင်းမရှိ၊ ကားမပျက်သေးလျှင် ယာဉ်တိုက်မှု ဖြေရှင်းရန်အတွက်ကားကို ရွှေ့ရှားခြင်းမပြုရ။ |
| 357 | X | ယာဉ်တိုက်မှုဖြစ်ချိန် သတိမေ့သွားသူပြန်၍သတိရလာစေရန်အတွက် ၎င်း၏၏ကိုယ်အားလှုပ်ရှားပေးရမည်။ |
| 358 | ○ | ယာဉ်တိုက်မှုဖြစ်ချိန် ကားမီးလောင်ခြင်း သို့မဟုတ် ပေါက်ကွဲခြင်းမှအပ ဒဏ်ရာရသူအား ကားထဲတွင်အရေးပေါ် ကုသပေးသင့်သည်။ |
| 359 | ○ | ယာဉ်တိုက်မှုဖြစ်ချိန် ဒဏ်ရာရသူအား မတင်ရလျှင်၊ ၎င်း၏ဦးခေါင်းနှင့်ခြေတောက်ကိုသာမ မရ၊ ခန္ဓာကိုယ်တခုလုံးမျှမျှတတ မရမည်။ |
| 360 | X | ယာဉ်မောင်းသူသည် ကားမောင်းကျွမ်းကျင်ဖို့သာ လိုသည်။ အရေးပေါ်ကုသသည့်အသိပညာရှိရန်မလို။ |
| 361 | ○ | သာမန်ယာဉ်မောင်းသူသည် ကားညွှန်ကြားချက်ကို လေ့လာ၍ သင့်တော်သည့် လောင်စာကို အသုံးပြုသင့်သည်။ |
| 362 | ○ | အကယ်၍ အောက္ကတိန်းနဲသည့်ဓါတ်ဆီကို အသုံးပြုပါက ပုံမှန်မလောင်ကျွမ်းနိုင်ဘဲ ဆီပိုကုန်စေပြီး ကားအားမရှိ။ |
| 363 | ○ | မလိုအပ်သည့်ပစ္စည်း လျှော့တင်ခြင်းကြောင့် ကားအလေးချိန်ပေါ့ပြီး ကားဆီကုန်ခြင်းမှ သက်သာစေသည်။ |
| 364 | ○ | ကားစက်နိုးရာတွင် ဂီယာအလွတ်ထားပြီး လီဘာနင်းခြင်းဖြင့် ကားကိုပူပေးရန်မလို၊ ကားဖြေးဖြေးမောင်းပြီး လီဘာတင်ခြင်းဖြင့် ကားအင်ဂျင်ပုံမှန်ဖြစ်စေသည်။ |

# 汽車法規是非題

| | | |
|---|---|---|
| 365 | ○ | ကားမောင်းစဉ် ပုံမှန်အရှိန်ဖြင့် မောင်းမှသာ ကီယာနိမ့်ကို အချိန်ကြာမြင့်စွာ<br>အသုံးပြုခြင်းမှ သက်သာစေသည်။ |
| 366 | ○ | ကားမောင်းစဉ်ပုံမှန်အရှိန်ဖြင့်မောင်းပြီး၊<br>အတတ်နိုင်ဆုံးတူညီသည့်အရှိန်ဖြင့်မောင်းခြင်းသည် ဆီကုန်<br>အသက်သာဆုံးနည်းလမ်းဖြစ်သည်။ |
| 367 | ○ | ကားမောင်းလျှင် အတတ်နိုင်ဆုံး ကားများ၊ လူများချိန်ကို ရှောင်ကျဉ်၍ မောင်းပါက<br>ဆီကုန်ခြင်းကို သက်သာစေသည်။ |
| 368 | ○ | ယာဉ်မောင်းသူသည် လမ်းစည်းကမ်းဥပဒေနှင့်အညီမမောင်း၊  မြင်တွေ့ချိန်၌<br>ကားကိုတားဖို့မသင့်တော်ဖြစ်ပြီး အတိုင်ခံရလျှင်ဒဏ်ငွေဆောင်ရမည်။ |
| 369 | ○ | ယာဉ်ငယ်တွင် သတ်မှတ်ထားချက်နှင့်အညီ ခလေးသူငယ်အန္တရယ်ကင်းထိုင်ခုံများ<br>မတပ်စဉ်ထားလျှင် ယာဉ်မောင်းသူသည် ဒဏ်ငွေ ၁၅၀၀ ~ ၃၀၀၀ဆောင်ရမည်။ |
| 370 | ○ | ယာဉ်မောင်းသူသည် သတ်မှတ်ထားချက်နှင့်အညီ မီးများကိုမသုံးပါက<br>ဒဏ်ငွေဆောင်ရမည်။ |
| 371 | ○ | လမ်းမကို မိမိ၏လုပ်ငန်းခွင်နေရာအဖြစ် အသုံးချပါက ချက်ချင်းရပ်ဆိုင်းခံရမည့်အပြင်၊<br>လမ်းကို အဟန့်အတားဖြစ်စေသည့် ပစ္စည်းများလည်း ဖယ်ရှားရုပ်သိမ်းခံရမည်။<br>လုပ်ကိုင်သူ သို့မဟုတ် အလုပ်ရှင်သည် ဒဏ်ငွေဆောင်ရမည်။ |
| 372 | X | ယာဉ်ကိုယ်ထည်၊ အင်္ဂျင်၊ ယာဉ်အောက်ပိုင်းကိုယ်ထည်၊ ဝါယာရင်းစနစ်နှင့်<br>အခြားကိရိယာတန်ဆာပလာများအပြောင်းအလဲလုပ်လျှင် ကုန်းလမ်းအုပ်ချုပ်ရေးဌာနသို့<br>ယာယီစစ်ဆေးခြင်း လျှောက်တင်ရန်မလိုအပ်ပါ။ |
| 373 | ○ | ကုန်တင်ယာဉ်သည် ကားတန်ချိန်ချိန်သည့်ဂိတ်ကို မဖြတ်ကျော်မှီ ၁ကီလိုမီတာအလိုတွင်<br>ဆိုင်းဘုတ်၊ ကားလိုင်း၊ အချက်ပြမီးအတိုင်း တန်ချိန်ချိန်ခြင်းမပြုလျှင်<br>ယာဉ်မောင်းသူသည် ဒဏ်ငွေ ၁၀၀၀၀ဆောင်ရမည်။ |
| 374 | X | ယာဉ်မောင်းသူသည် ကားမောင်းခွင့်သတ်မှတ်ခြင်းမရှိသည့်<br>လူသွားလမ်းကိုဖြတ်ကျော်သည့်အခါ ကားလမ်းကြပ်မည်ကို<br>စိုးရိမ်လျှင်မြန်စွာမောင်းနိုင်သည်၊ အရှိန်လျှော့ရန်မလို။ |

# 汽車法規是非題

| | | |
|---|---|---|
| 375 | ○ | ယာဉ်မောင်းသူသည် မီးပွိုင့်ရှိသော လမ်းဆုံလမ်းဂွတွင် မီးနီနေစဉ်လက်ယာဘက်သို့ကွေ့မောင်းလျှင် ထိုင်ဝမ်ဒေါ်လာ ၆၀၀-၁၈၀၀ ဒဏ်ငွေဆောင်စေရမည်။ |
| 376 | ○ | အသက်မွေးဝမ်းကြောင်း ယာဉ်ငယ်မောင်းလိုင်စင် ကိုင်ဆောင်ထားသော အသက် ၆၈ နှစ်ပြည့် ယာဉ်မောင်းသည် ယမန်နှစ်က ယာဉ်မောင်းလိုင်စင်ထိန်းသိမ်းခံရခြင်းမရှိ၊ သတ်မှတ်ချက်အရ စစ်ဆေးရာ ကိုယ်ခန္ဓာပိုင်းဆိုင်ရာ စံနှုန်းနှင့် ကိုက်ညီပြီး ယာဉ်မောင်း အသိဉာဏ်ဆိုင်ရာ စစ်ဆေးမှု အောင်မြင်ပြီးကြောင်း သို့မဟုတ် မှတ်ဉာဏ်ချို့ယွင်းခြင်း ရောဂါလက္ခဏာ မရှိကြောင်း ထောက်ခံစာ တင်ပြစစ်ဆေးပြီးလျှင် သက်တမ်းတစ်နှစ်ရှိသော အသက်မွေးဝမ်းကြောင်း ယာဉ်ငယ်မောင်းလိုင်စင် လဲပေးနိုင်သည်။ သို့မဟုတ် အသက်မွေးဝမ်းကြောင်း ယာဉ်ငယ်မောင်းလိုင်စင် တရားဝင်သက်တမ်းကို အသက် ၇၀ ပြည့်သည့်အထိ နှစ်စဉ်သက်တမ်းတိုးနိုင်သည်။ |
| 377 | ○ | ယာဉ်မောင်းလိုင်စင်မရှိသူသည် ယာဉ်စည်းကမ်းဥပဒေကိုမလိုက်နိုင်ပါက သတ်မှတ်ထားသောကာလအတွင်း ယာဉ်မောင်းလိုင်စင်ဖြေဆိုခြင်း ခွင့်မပြု။ |
| 378 | ○ | မော်တာတတ်စက်ဘီး၊ ယာဉ်ငယ်၊ ကုန်တင်ယာဉ်ငယ်၊ ပိုင်ရှင်များသည် ၎င်းတို့၏ ယာဉ်ထုတ်စက်ရုံ၊အရောင်းကိုယ်စား လှယ်၊သွင်းကုန်ကုမ္ပဏီကထုတ်ပေးပြီး ပြည်ထဲရေးဝန်ကြီးဌာနက အသိမှတ်ပြုသည့် အထူးအမှတ်အသားပါသည့် ကားစပယ်ယာပတ် စာရွက်စာတမ်းပြ၍ မှတ်ပုံတင်ရမည်။ |
| 379 | ○ | ကားဘော်တီအပြင်ဖက်တွင် မီးမတပ်ဆင်ရ၊ ကားမီးအရောင်မစိုးရ၊ ပလပ်စတိတ်မကပ်ရ။ |
| 380 | ○ | လေးဘီးအထက်ကားများသည် သတ်မှတ်ထားသည့်(အမြန်၊အနှေး)ကမ်းလမ်းပေါ်တွင်မောင်းနှင်စဉ်၊ ကားထွက်စ၊ ကားကွေ့ရန်နှင့် ကားကိုရပ်ရန် သို့မဟုတ် ယာယီရပ်ချိန်မှအပ အနှေးယာဉ်လမ်းကြောင်းတွင်မမောင်းရ၊ သို့သော်အမြန်လမ်းနှင့် အနှေးလမ်းခွဲခြားထားသော လမ်းများနှင့်မဆိုင်။ |
| 381 | ○ | ကောက်ကွေ့လမ်း၊ ဆင်ခြေလျှောလမ်း၊ လမ်းကျဉ်း အမှတ်အသားရှိသော လမ်းပိုင်း၊ ကျင်းပုံလမ်း၊ လမ်းကျွန်း သို့မဟုတ် ပြုပြင်နေသော လမ်းပိုင်းတွင် ကားရပ်ခြင်း မပြုရ။ |

# 汽車法規是非題

| | | |
|---|---|---|
| 382 | X | ဆလင်ဒါအငွေ့ထုတ်လုပ်နှုန်း ၅၅၀ ကုဗစင်တီမီတာအထက်ရှိသောလေးလံသည့် အကြီးစားမော်တော်ယာဉ်များသည် ဟိုင်းဝေးလမ်းနှင့် အမြန်လမ်းမကြီးပေါ်တွင် ယာဉ်ကြောနှင့်ရင်ဘောင်တန်းမောင်းနှင်ခြင်းနှင့် ကျော်တက်ခြင်းပြုလုပ်နိုင်သည်။ |
| 383 | ○ | ဆလင်ဒါအငွေ့ထုတ်လုပ်နှုန်း ၅၅၀ ကုဗစင်တီမီတာအထက်ရှိသောလေးလံသည့်အကြီးစားမော်တော်ယာဉ်များသည် ဟိုင်းဝေးလမ်းနှင့် အမြန်လမ်းမကြီးပေါ်တွင်လုံခြုံရေးဦးထုပ်ဆောင်းပြီးမောင်းရမည်၊ ယင်းဦးထုပ်သည်မျက်နှာတပြင်လုံးဖုံးသော (သို့) မျက်နှာပြင်ပေါ်နေသော ဦးထုပ်ဖြစ်ရမည်။ |
| 384 | ○ | ဆလင်ဒါအငွေ့ထုတ်လုပ်နှုန်း ၅၅၀ ကုဗစင်တီမီတာအထက်ရှိသော လေးလံသည့် အကြီးစားမော်တော်ယာဉ်များသည် ဟိုင်းဝေးလမ်းနှင့် အမြန်လမ်းမကြီးပေါ် မောင်းနှင်ရန်ယာဉ်နှင့်တာယာများကို သေချာစစ်ဆေးရမည်။ တာယာ၏ပန်းလိုင်းသည် ၁စင်တီမီတာထက် လျှော့နည်းမနေစေရ။ |
| 385 | ○ | ဆလင်ဒါအငွေ့ထုတ်လုပ်နှုန်း ၅၅၀ ကုဗစင်တီမီတာ အထက်ရှိသော လေးလံသည့်အကြီးစားမော်တော်ယာဉ်များသည် ဟိုင်းဝေးလမ်းနှင့် အမြန်လမ်းမကြီးပေါ်တွင်မောင်းနှင်လျှင် တနေ့လုံးရှေ့မီးကြီးဖွင့်၍ မောင်းနှင်ရမည်။ |
| 386 | ○ | 「လုံခြုံမှုဘောင်နယ်နမိတ်」 ဆိုသည်မှာ ကားမောင်းသူသည် ပေါ့ဆမှုကြောင့်ဖြစ်သည့် အန္တရယ်နှင့် ကြုံသည့်အခါ သုံးနိုင်သော ကန့်သတ်မှုဘောင်ဖြစ်သည်။ |
| 387 | ○ | 「လုံခြုံမှုဘောင်နယ်နမိတ်」 အယူအဆရှိသော ကားမောင်းသူသည် စည်းကမ်းဖောက်သည့် လူနှင့်ကားတို့ကြောင့် မိမိ၏ ယာဉ်လုံခြုံရေးကို မထိခိုက်စေရန် ကြိုတင်ကာကွယ်တတ်သည်။ |
| 388 | ○ | 「မှန်မှန်မောင်း」 သည့်နည်းဆိုသည်မှာ ကားအလောတကြီးမထွက်တတ်၊ ဘယ်/ညာ ဖြည်းဖြည်းကွေ့၊ ကားအမြန် မမောင်းတတ်၊ ယာဉ်ကြောထင်သလိုမပြောင်းတတ်၊ ရှေ့ကားနှင့် အကွာအဝေးထားပြီးမောင်း၊ ဘရိတ်ရုတ်တရက် မအုပ်တတ်၊ လမ်းလုမမောင်းတတ်၊ မီးနီလည်း ဇွတ်မဖြတ်တတ်သော မောင်းနည်းဖြစ်သည်။ |
| 389 | ○ | ကားစမမောင်းမီ ဒရိုင်ဘာထိုင်ခုံနေရာကို ပြင်သင့်သည်။ ထို့ပြင် ဘယ်/ညာနောက်ကြည့်မှန်၊ အတွင်းကြည့်မှန်၏ ဒေါင့် နှင့်နေရာတို့ကို ချိန်ရမည်။ |

| | | |
|---|---|---|
| | | မှန်ကိုလည်း ပြောင်အောင်တိုက်ထားမှ ပတ်ဝန်းကျင်၏အခြေအနေကို ရှင်းလင်းစွာမြင်နိုင်မည်။ |
| 390 | ○ | ကားစတင်မောင်းသည့်အခါ မျက်စိကြည့်အကွာအဝေး အရန်းမဝေးစေသင့်၊ ကားအရှိန်များလာသည်နှင့်အညီ ၎င်းအကွာအဝေးကို ပိုဝေးအောင်လုပ်ရမည်။ |
| 391 | ○ | ရှေ့ကားနောက်၌ ကပ်လိုက်သည့်ကားသည် ယင်း၏ကားအရှည်အကွာအဝေးမျှ အနည်းဆုံးခြားပြီး မောင်းရမည်။ |
| 392 | ○ | ယာဉ်တိုက်မှုမဖြစ်ပွားစေရန် သတ်မှတ်ထားသောစံနှုန်း အကွာအဝေးခြား၍ နောက်မှလိုက်မောင်းရမည်။ |
| 393 | ○ | ယာဉ်တိုက်မှုဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းမှာ နောက်မှနီးကပ်စွာလိုက်၍မောင်းနှင်ခြင်း၊ စိတ်ထင်တိုင်းကားကျော်တက်မောင်းနှင်ခြင်း၊ ယာဉ်ကြောမဆင်မချင်ပြောင်းမောင်းခြင်း၊ ယာဉ်ကြောလု၍ကွေ့မောင်းခြင်းနှင့် အချိန်လု၍အမြန်မောင်းခြင်းတို့ ကြောင့်ဖြစ်သည်။ |
| 394 | ○ | တုန့်ပြန်သည့်အကွာအဝေးဆိုသည်မှာ ကားမောင်းသူသည် မောင်းနှင်စဉ် တွေ့ကြုံရသည့် မည့်သည့်အခြေအနေမျိုး ပေါ်မဆို၊ သင့်လျော်သလို တုန့်ပြန်တတ်ပြီး ဤသို့ တုန့်ပြန်သည့်အချိန်အတွင်း သူ့ကားမောင်းနှင်သည့် အကွာအဝေး ဖြစ်သည်။ |
| 395 | ○ | ကားစတီယာတိုင်ဝင်ရိုးအကွာ(တိုင်းရှေ့)ရှည်လေလေ၊ ဘီးအကွာအဝေးကျယ်လေလေ၊ ဂငယ်ကွေ့ကွေ့ရန် လိုအပ်သည့် အချင်းဝက် များလေလေ ဖြစ်တတ်သည်။ |
| 396 | ○ | ကာကွယ်သူ၏နှစ်နဉစ်မှာမျှဝေမှုဖြစ်စေနေခြင်းအနက်မှ အညွှန်းမျှင်သောအပြောင်အရွယ်အမြင်မှတ်တမ်းများနှင့် အခြားအမျိုးမျိုးမျှင်သော အရည်အချို့အမြင်များကို မှတ်တမ်းမြင်စွာရှာဖွေရန် အဆင့်အတန်းအချိန်တစ်ရက်ကျော်စနစ်မှ အလယ်အလတ်မြှင့်ပါက မတိုင်ခင်ကာကွယ်ယာဉ်များ သို့မဟုတ် မောက်ဆီနည်းများသို့ပါပဲ တို့လက်သန်းအပေါင်း အခြားအမျိုးမျိုးမျှင်သော အရည်အနက်မှ တညွှန်အနက်ကြောင်းကို စာပြုပြီး လက်သန်းကိုထိချောက်နိုင်ရန် အတွက် အရည်စည်သူဖြစ်ရောက်ဖြစ်သော်လည်း အချားအမျိုးမျိုးမျှင်သော အရည်အချိန်တစ်ရက်ကြောင်းကွဲခြင်းမှာ မရောက်ဖြစ်စေနေသော်လည်း တစ်စည်းကြောင်းလွတ်ခဲ့သော အနည်းငယ်များကို စီးနှိပ်သူဖြစ်စေသည်။ |

| | | |
|---|---|---|
| 397 | X | ကားများ၏လက်သန်းကြောင်းကိုအသက်အရွယ်အမြင်မှတ်တမ်းသို့ ရိုက်နှိပ်သူရဲ့မြင်သာအကြောင်း ခြင်းကျားများရှိနိုင်ရန် အဆင့်အတန်းမှာ အရှိကောင်းမြင်သော အချိန်အမြင်များရှိပါက အလှူရှင်များကို အနက်တကန်လာပြီး ကြည့်ရှုသောအတွင်း အကြောင်းအရွယ်အမြင်မှတ်တမ်းများကို ချောက်သောသောအချိန်တို့ ရေတက်စနစ်ကြီးမြင်ခြင်း အများကြီးရှိသည်။ |
| 398 | ○ | ကားအရှိန်မြင့်လေလေ၊ ကားမောင်းသူ၏မြင်ကွင်း ကျဉ်းလေလေ၊ မြင်နိုင်စွမ်းလည်း ညံ့လေလေဖြစ်သည်။ |
| 399 | ○ | မိုးရွာလျှင် လမ်းချောသဖြင့် အမြန်ကွေ့၊ ဘရိတ်အမြန်အုပ်လျှင် ကားသည် ကန့်လန့်အနေအထားအဖြစ် ချောသွား တတ်၍ သတိထားမောင်းသင့်သည်။ |
| 400 | ○ | ကားကွေ့သည့်အခါ ဘီးချော်လျှင် ဘရိတ်လုံးဝမအုပ်ရ။ အန္တရာယ်အကင်းဆုံးနည်းမှာ လီဘာကို လျှော့ပါ။ |
| 401 | ○ | တည့်တည့်မောင်းစဉ် ကားအမြီးပိုင်းသည် ညာဘက်ဘေးသို့ ချော်တတ်လျှင် စတီယာတိုင်ကို ညာဘက်အနည်းငယ် ပြောင်းသင့်သည်။ |
| 402 | X | ကလေးကို ကားထဲသော့ခတ်ထားပြီး တနေရာရာသို့သွားလျှင် မိနစ်၂၀ထက်မပိုရ။ |
| 403 | ○ | ကားတိုက်မှုကြောင့် အတိုက်ခံရသူသည် ဒဏ်ရာရလျှင်ဖြစ်စေ၊ သေဆုံးလျှင်ဖြစ်စေ၊ ကယ်ဆယ်ရေးနှင့် သတ်မှတ်ထား ချက်များကို ချက်ချင်းဆောင်ရွက်ရမည်။ ထို့ပြင် ရဲဌာနကိုအကြောင်းကြားရမည်။ တိုက်သည့်ကားနှင့် အခင်းဖြစ်ပွားရာ နေရာရှိ ပွတ်ကြောင်းနှင့် သက်သေအရာများကို နေရာမရွှေ့ရ။ သို့သော် ကားတိုက်ခံရသည့် ဒဏ်ရာရသူမှ သဘောတူလျှင် တိုက်သည့်ကားနေရာကို အမှတ်အသားဆွဲပြီးနောက် ယာဉ်အသွားအလာကို အနှောက်အယှက်မဖြစ်စေသော နေရာသို့ ရွှေ့ထားနိုင်သည်။ |
| 404 | ○ | ယာဉ်တိုက်မှုအများစုမှာ ကားမောင်းသူ၏ပေါ့လျော့မှု၊ အမှားနှင့် မကောင်းသော ကားမောင်းအကျင့်တို့ကြောင့် ဖြစ်သည်။ |
| 405 | X | ယာဉ်တိုက်မှုနှင့် ကျွန်တော်မသက်ဆိုင်သောကြောင့် အခင်းဖြစ်ပွားရာနေရာမှ အမြန်ဆုံးထွက်ခွာရမည်။ ရဲကိုအကြောင်း ကြားရန်လည်းမလိုပါ။ |
| 406 | X | ကာကွယ်မွေးမှုအချိန်မသောအခါတိုင်း လက်သန်းများသာမကောင်းလာပြီး အဆင့်အတန်းမြှင့်ရှာဖွေနေခြင်းသည် အကြံချုပျကာကွယ်ယာဉ်များသို့မဟုတ် |

| | | |
|---|---|---|
| | | လက်သန်းကိုထိန်းခံနိုင်ရန် သက်တမ်းအနက်မှစီးပြီး အများကြီးဖြစ်သည်အတွက် လောက်ကလက်မှတ်ပိတ်သော အဖြေမှတ်တမ်းများကို ထိန်းခံပါက ရှန်းကန်ကျပ်ခံနိုင်ရန် ဖြစ်စေပါသည်။ |
| 407 | ○ | ယာဉ်တိုက်မှု၏အမှုရှင်သည် သက်ဆိုင်ရာမှပြုလုပ်သည့် စစ်ဆေးဆုံးဖြတ်ချက်အပေါ် မကျေနပ်လျှင် ဆုံးဖြတ်စာရပြီးသည့် နောက်တနေ့မှ ရက်၃၀အတွင်း ပြန်လည်စဉ်းစားသုံးသပ်ပေးသည့်ကော်မတီထံ လျှောက်ထားနိုင်သည်။ |
| 408 | X | ကားမမောင်းမီ အအေးမိနှာစေးပျောက်ဆေး၊ စိတ်ငြိမ်ဆေးအများအပြားတို့ သောက်သုံးထားသော်လည်း စိတ်နှင့်ခန္ဓာကို အနှောက်အယှက်မပြုနိုင်ဟု ယူဆကာ ကားဆက်မောင်းနိုင်သည်။ |
| 409 | ○ | အရက်သောက်ပြီးနောက် မျက်စိအမြင် မကြည်လင်သည့်အပြင်၊ အာရုံကြော လေးလံထုံထိုင်းတတ်သဖြင့် ကားမောင်းလျှင် ယာဉ်တိုက်နှုန်း များတတ်သည်၊ |
| 410 | X | ကာကွယ်ကားယာဉ်အဖြစ် အရေးကြီးရောင်းခြင်းသည် အစဉ်အရည်အနည်းငယ်ရှင်များသို့မဟုတ် မောက်ဆီနည်းသည် အနက်တကန်ကို တန်ဖိုးခံပြီး အရည်စည်သူဖြစ်သော်လည်း ဖွားကြားခြင်းနှင့် အနီးမြင်ကြောင်းကွဲခြင်းသည်ကြောင်းလွတ်သောအနည်းငယ်များကို အဆက်တန်းပေါက်ခံခဲ့ရန်ဖြစ်စေပါသည်။ |
| 411 | X | ကလေးသူငယ်ကို ကားငယ်၏ရှေ့ခုံတွင် ထိုင်သင့်စေသည်။ |
| 412 | ○ | ကား၊ဆိုင်ကယ်ပိုင်သူသည် မိမိ၏ယာဉ်ကို တပါးသူအား ငှားရန်းအသုံးပြုစေလျှင် ငှားရန်းသူ၌ လိုင်စင်ရှိ /မရှိနှင့် ၎င်း၏၏ စိတ်နှင့်ခန္ဓာပိုင်းအခြေအနေတို့ကို စစ်ဆေးသင့်သည့်အပြင်၊ ယာဉ်၏အခြေအနေကိုလည်း ၎င်းအား အသိပေးသင့်သည်။ |
| 413 | ○ | ကားကိုဓါတ်ဆီဖြည့်ပြီးနောက် ဆီတိုင်ဂီဖုံးကို တင်းကြပ်စွာပိတ်မှသာ ဆီအငွေ့ပျံပြီး မလျော့နည်းတတ်သည့်အပြင်၊ ဆီလည်းသန့်ရှင်းမည်။ |
| 414 | ○ | ဓါတ်ဆီဆိုင်၌ ဆီဖြည့်စဉ် အင်ဂျင်စက်ပိတ်ရမည့်အပြင် ဆေးလိပ်မသောက်ရ၊ ဟန်းဖုန်းလည်းမဆက်ရ။ သို့မှသာ အန္တရယ်ကင်းမည်။ |
| 415 | ○ | ကားကိုဓါတ်ဆီဖြည့်ရန် ဓါတ်ဆီတိုင်ဂီဖုံးဖွင့်သည့်အခါ ဆီတိုင်ဂီတွင်း ဖိအားရှိနိုင်သဖြင့်၊ နာရီလက်တံဘယ်ဘက်လှည့်သည့်နည်းအတိုင်း အဖုံးကို တဝက်ခန့်ဖွင့်ပြီးနောက် |

| | | |
|---|---|---|
| | | တစစ်စစ်မြည်သံရပ်သွားမှ ဆက်လက်ဖွင့်သင့်သည်။ သို့မှသာ ဓါတ်ဆီအကျန် စင်ထွက်ခြင်းကြောင့် ထိခိုက်ဒဏ်ရာရခြင်း ကင်းဝေးမည်။ |
| 416 | ○ | ဓါတ်ဆီဖြည့်ပြီးနောက် ဆီတိုင်ဂီဖုံးကိုပိတ်သည့်အခါ နာရီလက်တံ ညာဘက်လှည့်သည့်နည်းအတိုင်း အသံမြည်သည့်အထိ လှည့်ပိတ်ရမည်။ |
| 417 | X | လမ်းပေါ်အမောင်းသင်သည့်အခါ မမောင်းမီ ကားကိုစစ်ဆေးစရာမလို၊ အကြောင်းမှာ ဤအလုပ်သည် အမောင်းသင် ဆရာ၏ အလုပ်ဖြစ်သည်။ |
| 418 | ○ | ညအခါ ကားမောင်းစဉ် ကားမီးထိုးသည့်အကွာအဝေး ပိုဝေးသွားလျှင် ကုန်းဆင်းကြောင့်ဖြစ်သည်။ |
| 419 | ○ | ကုန်းဆင်းသည့်အခါ အကယ်၍ အင်ဂျင်ကိုပိတ်လိုက်လျှင် ပါဝါစတီယာတိုင်နှင့် ဘရိတ်ဖိအားမြှင့်တင်စက်တို့ ပုံမှန်အလုပ်မလုပ်နိုင်သဖြင့် ယာဉ်အန္တရယ်ဖြစ်လွယ်သည်။ |
| 420 | X | ကုန်းရှည်ဆင်းသည့်အခါ ခြေဘရိတ်အများဆုံးသုံးပြီး၊ အင်ဂျင်ဘရိတ်ကိုမူ အလွန်အကျွံ မသုံးသင့်ပါ။ |
| 421 | ○ | ကုန်းရှည်ဆင်းသည့်အခါ အင်ဂျင်ဘရိတ်ကို သင့်လျော်စွာသုံးတတ်လျှင် ကားနာသက်သာသည့်အပြင် အန္တရယ်လည်း ကင်းသည်။ |
| 422 | ○ | ကုန်းရှည်ဆင်းသည့်အခါ ဘရိတ်အသုံးများ၍ ဘရိတ်ပေါက်ခြင်း ရှောင်ကျဉ်သည့်အနေဖြင့် ဂီယာငယ်ထိုးကာ အင်ဂျင် ဘရိတ်နှင့်တွဲသုံးရမည်။ ခြေနင်းဘရိတ်ကို အလွန်အကျွံမသုံးသင့်။ |
| 423 | X | အော်တိုဂီယာကား၏ အင်ဂျင်ဘရိတ်သည် လက်ထိုးဂီယာကားထက် ပိုကောင်းသည်။ |
| 424 | ○ | ကုန်းတက်သည့်အခါ မြွေလိမ်မြွေကောက်မမောင်းသင့်သလို၊ ကုန်းဆင်းသည့်အခါလည်း အင်ဂျင်စက်ပိတ်ပြီး (သို့) ဖရီးဂီယာဖြင့်လျောဆင်းခြင်း မပြုရပါ။ |
| 425 | X | ကုန်းအမြင့်၊အနိမ့်နီးစပ်သော တောင်စောင်းတွင် မောင်းနှင်သည့်အခါ၊ ကုန်းတက်လျှင် နံပါတ်(၂)ဂီယာသုံးပြီး၊ ကုန်းဆင်းလျှင် နံပါတ်(၃) သို့မဟုတ် (၄)ဂီယာ သုံးခြင်းဖြင့် ဆီသက်သာသည့်အပြင် အချိန်လည်းသက်သာသည်။ |
| 426 | X | ကားမောင်းစဉ် ပုံမှန်နှုန်းမောင်းနှင်သည့်ဂီယာ(O/D ဂီယာ)သုံးကာ အင်ဂျင်ဘရိတ်အုပ်နိုင်သည်။ |

# 汽車法規是非題

| | | |
|---|---|---|
| 427 | ○ | ကားအရှိန်တိုး/လျော့သည့်အကြိမ်များလေလေ၊ ညစ်ငြမ်းလေထုတ်သည့်<br>ပမာဏများလေလေ ဖြစ်သည်။ |
| 428 | ○ | လီဘာခြေနင်းကို အမြန်နင်းလျှင် ဆီစားသည့်အပြင် ညစ်ငြမ်းလေထုတ်သည့်ပမာဏ<br>များတတ်သည်။ |
| 429 | X | မြန်မြန်မောင်းလေ၊ ဆီစားသက်သာလေဖြစ်သည်။ |
| 430 | ○ | တူညီသည့်အရှိန်တွင် ဂီယာငယ်သုံးပြီးမောင်းလျှင် ထုတ်လုပ်သည့်ရှန်းအားသည်<br>ဂီယာကြီးထက် ပိုကြီးသည်။ |
| 431 | X | ကားမောင်သည့်အခါ ကန့်သတ်မိုင်နှုန်းပြအမှတ်အသား (သို့) အမှတ်အသားမျဉ်းအတိုင်း<br>လိုက်နာစရာမလို။ |
| 432 | X | အမြန်မောင်းထွက်လျှင် ဂီယာငယ်ဖြင့် မောင်းနှင်သည့်အချိန်ကို<br>လျော့နည်းစေသည့်အပြင်၊ ဆီလည်းသက်သာသည်။ |
| 433 | ○ | အန္တရယ်ကင်းရန်နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွင့်မှု လျော့နည်းစေရန်<br>ကားကိုအရှိန်မှန်မှန် မောင်းသင့်ပြီး၊ အရှိန် အမြန်မြှင့်တင်ခြင်း (သို့) လျော့ချခြင်းမလုပ်ဘဲ<br>လုံခြုံသည့် အကွာအဝေးခြားကာ မောင်းရမည်။ |
| 434 | X | ကားမောင်းစဉ် အရှိန်အမြန်မြှင့်တင်လျှင်သော်ငြင်း၊ ဘရိတ်အမြန်အုပ်လျှင်သော်ငြင်း<br>ဆီပိုစားပြီး တာယာနှင့် ဘရိတ်လိုင်နာပြားတို့လည်း ပွန်းလွယ်သည့်အပြင်<br>ယာဉ်အန္တရယ်လည်းများတတ်သည်။ သို့သော် လေညစ်ငြမ်းခြင်းနှင့် မပတ်သက်ပေ။ |
| 435 | ○ | အရေးပေါ်အခြေအနေ၌ ကားအရှိန်လျော့သင့်သည်မှလွဲ၍၊ စိတ်ထင်သလို ကားအရှိန်ကို<br>ရုတ်တရက် မလျော့ရပါ။ |
| 436 | ○ | မီးပွိုင့်မရှိသော လမ်းဆုံ၊လမ်းခွကို ဖြတ်မောင်းသည့်အခါ<br>ဘယ်ဘက်ဦးစွာကြည့်ပြီးနောက်၊ ညာဘက်ကိုပြန်ကြည့်လျှင် ပိုပြီးအန္တရယ်ကင်းသည်။ |
| 437 | ○ | ယာဉ်တိုက်မှုမြင်တွေ့သည့်အခါ ရဲလည်း အခင်းဖြစ်ပွားရာသို့ ရောက်ရှိပြီဆိုလျှင်<br>ကွေ့ပတ်မောင်းပြီး ထွက်ခွာသင့်သည်။ စပ်စုကာ ယာဉ်တိုက်သည့်နေရာတွင် ကားရပ်ပြီး<br>စောင့်မကြည့်သင့်ပါ။ |

| | | |
|---|---|---|
| 438 | ○ | လမ်းဆုံမရောက်မီ မီးဝါလျှင် ရှေ့ဆုံးမှကားသည် ကြိုတင်ဘရိတ်အုပ်ပြီး အရှိန်လျှော့မှသာ၊ နောက်ကားမှ ဘရိတ်မီးတွေ့သဖြင့် နောက်မှဝင်မတိုက်မိအောင် ကာကွယ်နိုင်မည်။ |
| 439 | ○ | ကြိုတင်ဘရိတ်အုပ်သင့်ပြီး၊ ရုတ်တရက်ဘရိတ်အုပ်ခြင်းမျိုး အစွမ်းကုန်ရှောင်သင့်သည်။ သို့မှသာ နောက်ကားဝင်မတိုက်တတ်သည့်အပြင်၊ ကားထဲရှိလူများလည်း အန္တရယ်ကင်းမည်။ |
| 440 | ○ | ယာဉ်မောင်းနှင်စဉ် လမ်းဆုံလမ်းဂွရှေ့သို့ရောက်ခါနီးတွင် အဝေးဆီမှ မော်တော်ယာဉ်ထိန်းသိမ်းရေး အချက်ပြမီးနီပြသည်ကို မြင်လျင် မော်တော်ယာဉ်၏ အမြန်နှုန်းနှင့်ယာဉ်အကွာအဝေးကို စဉ်းစားတွက်ချက်၍ အလျင်စလိုလီဘာနင်းခြင်း (သို့) ဘရိတ်နင်းခြင်းမလုပ်ရ တတ်နိုင်သရွေ့ယာဉ်ကို ဖရီးရိုက်လိမ့်သွားစေခြင်းဖြင့် ဆီကုန်သက်သာစေမည်။ စွမ်းအင်ချွေတာ၍ ကာဗွန်ဒိုင်ဓာတ်ငွေ့လျှော့နည်းစေသော အကျိုးရရှိမည်။ |
| 441 | ○ | ကားငယ်သည် ကားကြီးနောက် ကပ်မလိုက်သင့်ပေ။ ကားကြီးရှေ့မှကွယ်နေသဖြင့် အကယ်၍ ရှေ့တွင် အရေးပေါ်ကိစ္စတခုခုဖြစ်လျှင် ကားငယ်မှကြိုတင်ကာကွယ်ရန် အချိန်မရနိုင်။ |
| 442 | ○ | ကားစထွက်လျှင်ဎင်း၊ ရပ်နားလျှင်ဎင်း၊ ယာဉ်ကြောပြောင်းလျှင်ဎင်း၊ ကွေ့လျှင်သော်ဎင်း၊ ကြိုတင်အချက်ပြမီးသုံးပြီး သတိပေးရမည့်အပြင်၊ ပုံမှန်နှုန်းဖြင့် အရှိန်တိုး/လျှော့ မောင်းသင့်သည်။ |
| 443 | ○ | ကားကွေ့သည့်အခါ အချက်ပြမီးပြကာ နောက်ကြည့်မှန်သေချာကြည့်သည့်အပြင် ခေါင်းလှည့် စစ်ဆေးကြည့်ရှုပြီး ဘေးကင်းကြောင်း သေချာမှ စတင်ကွေ့ပါ။ |
| 444 | X | ကား၏ဘယ်/ညာနှစ်ဘက်ရှိ နောက်ကြည့်မှန်မှတဆင့် ဘေးနှစ်ဘက်နှင့် အနောက်ဘက်မှအရာများကို မြင်နိုင်သဖြင့်၊ ကားကွေ့လိုသည့်အခါနှင့် ယာဉ်ကြောပြောင်းလိုသည့်အခါတွင် အချက်ပြမီးပြပြီး၊ နောက်ကြည့်မှန်ကြည့်ခြင်းဖြင့် လုံလောက်၍ နောက်လှည့်ကြည့်ရန်မလိုပေ။ |
| 445 | X | ဘယ်အချိုးနောက်လာပြီး ကျွန်ုပ်တို့ရဲ့အောက်ပါနှံလိုသည်ကြီးများသို့ မဖြစ်စေရန် မျှဝေနိုင်ရန် တိုင်းပြန်ကြီးစီးသြားသူနှင့် လက်ခံမရောက်ရန် လောက်နက်လမ်းတစ်နေရာတည်း ဘယ်အချိုးနောက် အများကြီးရှိသည်သို့မဟုတ် |

| | | |
|---|---|---|
| | | ဘယ်အချို့မှာတွေ့ရာပေါင်းအသေး လက်မှတ်ပိတ်သောအချိန်အမြင်များ ဖြစ်စေပါသည်။ ရှောင်းရွှေ့ခြင်းသည်သွေးဖြူသော လောက်နက်လမ်းတစ်နေရာတည်း ဘယ်အချို့နောက် အများကြီးရှိသည် သွေးဖြူသော လောက်နက်လမ်းတစ်နေရာတည်း အဆုံးအနေမြင်ရရှိမှုသည်ကြောင်းလွတ်သော ရောက်ရှိခြင်းဖြစ်စေပါသည်။ |
| 446 | ○ | လမ်းဆုံ၏ ဘယ်ကွေ့အချက်ပြမီးလင်းသည့်အခါ ရှတ်တရက်တိုက်မိခြင်းမှ ကာကွယ်သည့်အနေဖြင့်၊ အရှိန်လျှော့ပြီးမှ ဘယ်ကွေ့ သို့မဟုတ် ဂငယ်ကွေ့ ကွေ့ပါ။ |
| 447 | X | ဘယ်ကွေ့ရန် လမ်းဆုံတွင် စောင့်ဆိုင်းသည့်ကားသည် မီးစိမ်းသည်နှင့် ဦးစွာကွေ့နိုင်သည်။ |
| 448 | X | ဘယ်ကွေ့သုံး အထူးယာဉ်ကြောပေါ်၌ရှိသော်လည်း မကွေ့ချင်တော့လျှင် တည့်တည့်ဆက်မောင်းနိုင် သည်။ |
| 449 | ○ | ကားမောင်းနှင်စဉ် အရှေ့ညာဘက်ရှိ ဆိုင်ကယ်သည် ဘယ်ကွေ့အချက်ပြမီး မပြသော်လည်း ယင်းမှ  ရှတ်တရက် ဘယ်ကွေ့သောကြောင့် ဖြစ်ပွားသည့် ကားတိုက်မှုမျိုးကို ကြိုတင်ကာကွယ်ရမည်။ |
| 450 | ○ | မီးစိမ်းလျှင် ဆက်မောင်းခွင့်ရှိသော်လည်း လုံခြုံမှုမပေးနိုင်ပါ။ ထို့ကြောင့် လမ်းဆုံရောက်လျှင်အရှိန်လျှော့ သင့်သည်။ |
| 451 | X | လမ်းဘေး၌ ယာဉ်ရပ်ပြီးနောက် ပြန်မောင်းထွက်သည့်အခါ အချက်ပြမီးပြရန် မလိုသော်လည်း၊ ရှေ့/နောက်နှင့် ဘယ်/ညာရှိ ကားတို့ကို သတိပြုသင့်သည်။ |
| 452 | X | ရှေ့ယာဉ်ကိုကျော်တက်လိုလျှင် ညာဘက်အချက်ပြမီးကို ဦးစွာပြရမည်။ |
| 453 | ○ | ဦးတည်ရာလမ်းကြောင်းခွဲသည့်မျဉ်း ဆွဲထားသော နှစ်လမ်းမောင်းလမ်းမပေါ်တွင် ကားကျော်သည့်အခါ ကျော်တက်ချိန်နှင့် အကွာအဝေးကိုသတိပြုရမည်။ မျဉ်းပေါ်မောင်းချိန်ကြာလေလေ၊ ယာဉ်တိုက်မှုဖြစ်ပွား နိုင်ချေ မြင့်လေလေဖြစ်သည်။ |
| 454 | ○ | ကွေ့သည့်အခါ၊ လမ်းဖြတ်မောင်းသည့်အခါ၊ ကားကျော်သည့်အခါတို့တွင် လုံလောက်သောအချိန်နှင့် နေရာအကျယ်လိုသည်။ |
| 455 | X | ရှေ့ကားကို ကျော်တက်လိုသည့်အခါ ဂီကာတဆင့်မြင့်ထိုးခြင်းဖြင့် အရှိန်တိုးရန်အကောင်းဆုံးအခြေအနေ ဖြစ်အောင် ပြုလုပ်နိုင်သည်၊ |

| | | |
|---|---|---|
| 456 | ○ | ကွေ့သည့်အခါ အရှိန်လျှော့ရမည်။ အကယ်၍ ဘရိတ်အုပ်ရန်လိုကြောင်းခံစားရလျှင် မကွေ့မီ လုံလောက်သည့် အရှိန်ထိ မလျှော့ထားသောကြောင့်ဖြစ်သည်။ |
| 457 | X | ယာဉ်ကြောပြောင်းလို (သို့) ကွေ့လိုသည့်အခါ အချိန်လုသည့်အနေဖြင့် အချက်ပြမီးကိုသုံးရန်မလို၊ ချက်ချင်းပြောင်းနိုင်၊ကွေ့နိုင်သည်။ |
| 458 | ○ | ယာဉ်ကြောပြောင်းသည့်အခါ သင့်လျော်သောအရှိန်ဖြင့် မောင်းခြင်းသည် ဒရိုင်ဘာကောင်း၌ ရှိသင့်သော အပြုအမူဖြစ်သည်။ |
| 459 | X | ယာဉ်ကြောများသော လမ်းမ၏လမ်းဆုံ၌ ဘယ်/ညာကွေ့ရန်အဆင်ပြေဖို့ မျဉ်းဖြူနှစ်ကြောင်းဆွဲထားသော ဧရိယာမှတဆင့် ကွေ့နိုင်သည်။ |
| 460 | ○ | ကားနောက်ဆုတ်သည့်အခါ အနောက်ဘက်တွင် အန္တရယ်ကင်း/မကင်း မသေချာလျှင် ကားပေါ်မှဆင်းကာ စစ်ဆေးကြည့်ရှုပြီးမှ နောက်ဆုတ်သင့်သည်။ |
| 461 | ○ | ကားကိုအရိပ်အောက်ရပ်သင့်သည်။ လေအေးစက်ကြာရှည်ဖွင့်ကာ ကားထဲအနားယူခြင်းကို ရှောင်မှသာ လောင်စာကုန်သက်သာမည့်အပြင် အန္တရယ်လည်းကင်းမည်။ |
| 462 | ○ | ကားရပ်ပြီးနောက် ဒရိုင်ဘာနှင့်အခြားသူများသည် နောက်ကားအလာကို အကဲဖြတ်ပြီးမှ ကားတံခါးဖွင့်သင့်သည်။ |
| 463 | ○ | ကားပေါ်တက်/ဆင်းချိန်နှင့် ကားတံခါးပိတ်ချိန်တို့တွင် သတိပြုရမည့်အပြင်၊ ဘေးပတ်ဝန်းကျင်၌ အဟန့်အတားဖြစ်စေသော အရာဝတ္ထုရှိ /မရှိလည်း သတိထားရမည်။ ထို့ပြင် ကားနှင့်လူအသွားအလာတို့ကိုလည်း သတိထားကြည့်ပြီး၊ အန္တရယ်ကင်းမှ ကားတံခါးဖွင့်ကာ တက်/ဆင်း သင့်သည်။ |
| 464 | ○ | ကားတံခါးဖွင့်ချိန်နှင့် ကားပေါ်တက်/ဆင်းသည့်အခါ အနောက်ဘက်မှလာသောကားကို သတိပြုမှသာ ယာဉ်အန္တရယ်ကင်းမည်။ |
| 465 | ○ | ကားရပ်ပြီးနောက် အနောက်ဘယ်ဘက်၌ ယာဉ်(အထူးသဖြင့်ဆိုင်ကယ်)အသွားအလာမရှိမှ တံခါးဖွင့် သင့်သည်။ |
| 466 | ○ | ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှင့်ခြင်း လျှော့ချသည့်အနေဖြင့် စက်ဖွင့်ပြီးယာဉ်ရပ်ချိန် ၃-မိနစ်ထက် ကျော်လျှင် လေထုညစ်ငြမ်းမှု ကာကွယ်သည့်ဥပဒေအရ ဒဏ်သတ်ခံရမည်။ |

# 汽車法規是非題

| | | |
|---|---|---|
| 467 | ○ | ဥမင်လိုဏ်ခေါင်းရှည်၌ မောင်းနှင်ချိန်အတွင်း မီးဘေးကြုံလျှင် လမ်းဘေးတဘက်ဘက်တွင် ချက်ချင်းရပ် ပြီး အန္တရာယ်ကင်းသည့်နေရာရှာကာ ခိုလှုံပါ။ မီးငြိမ်းသတ်သည့်အလုပ် အဆင်ပြေရန် ကားတံခါးကို သော့မခတ်ရ၊ ကားသော့လည်း ကားပေါ်ချန်ထားရမည်။ |
| 468 | ○ | စတီယာတိုင်ကို ထက်ဝက်ကျော်ထိ လှည့်မောင်းရသည့်အခါ လက်နှစ်ဘက်ဖြင့် ဆက်တိုက်လှည့်ပါ။ |
| 469 | ○ | ကားမောင်းနေစဉ် ရုတ်တရက်ဘီးပေါက်လျှင် စတီယာတိုင်ကို တင်းစွာဆုပ်ကိုင်ထားပြီး ရှေ့သို့ဆက်သွားသည့် အနေအထားမျိုး ဆက်ထိန်းထားရင်း လီဘာခြေနင်းကိုလျှော့ရမည်။ |
| 470 | X | ရေထဲမောင်းပြီးနောက်လည်း ဘရိတ်စွမ်းရည်ကို မထိတတ်ပေ။ |
| 471 | X | လက်ဆွဲဘရိတ်ကား၏ ကလပ်ခြေနင်းကို နင်းသည့်အခါ ဖြည်းဖြည်းနင်းပြီး မြန်မြန်လျှော့ရမည်။ ဘရိတ်ခြေနင်း နင်းလျှင်မူ မြန်မြန်နင်းပြီး ဖြည်းဖြည်းလျှော့ရမည်။ |
| 472 | X | ဟိုင်းဝေးကားလမ်းပေါ် အော်တိုဂီယာကားမောင်းနှင်စဉ် ဂီယာငယ်ထိုးမောင်းလျှင် နှေး/မြန်မဆို ဂီယာအော်တိုပြောင်းတတ်သဖြင့် စိတ်ချစွာ မောင်းနှင်နိုင်သည်။ |
| 473 | X | ဟိုင်းဝေးကားလမ်းပေါ်မောင်းနှင်သည့်အခါ လမ်းမျက်နှာပြင်ညီပြီး မိုင်နှုန်းလည်းပုံမှန်လျှင် အာရုံ အနှောက်အယှက်ခံရချေနည်းသည်။ |
| 474 | ○ | ကားကိုပုံမှန်စစ်ဆေးခြင်း (သို့) ဝပ်ရှော့၌ပုံမှန်စစ်ဆေးရခြင်းသည် ယာဉ်မောင်းသည့်လုံခြုံရေးအတွက် အပြင်၊ ငွေကုန်သက်သာရန်၊ မောင်းသူ၏စိတ်ဖိအား လျှော့နည်းစေရန်အတွက်လည်း ရည်ရွယ်သည်။ |
| 475 | ○ | ကားကိုစစ်ဆေးပြီးနောက် အင်ဂျင်ဖုံးကိုသေချာပိတ်ပြီးမှ မောင်းပါ။ သို့မှသာ မောင်းနေစဉ် အင်ဂျင်အဖုံး ရုတ်တရက်ပွင့်ခြင်းမှ ကာကွယ်နိုင်မည်။ |
| 476 | ○ | ကားမမောင်းမီ စက်ခန်းတွင်းရှိ ရေတိုင်ကီ၏ရေ၊ စက်ဆီ၊ ဘရိတ်ဆီပမာဏတို့သည် လုံခြုံသည့်အဆင့်ထိရောက်/မရောက်၊ ပန်ကာကြိုးလည်း ပျက်စီးမှုရှိ/မရှိ စစ်ဆေးကြည့်ရှုပြီးမှ မောင်းသင့်သည်။ |
| 477 | X | မမောင်းမီ စက်ကရိယာများကို စစ်ဆေးရန်မလိုသော်လည်း၊ မောင်းနေစဉ် မီတာမှပြသချက်ကို သတိထားခြင်းဖြင့် အန္တရာယ်ကင်းစွာ မောင်းနိုင်သည်။ |

# 汽車法規是非題

| | | |
|---|---|---|
| 478 | ○ | မော်တော်ယာဉ်သည် ကြီးကြပ်ရေးဌာနမှ သတ်မှတ်ထားသည့်အတိုင်း စစ်ဆေးခံရမည့်အပြင်၊ မူလယာဉ်ထုတ်လုပ်ရေးစက်ရုံမှသတ်မှတ်ထားသည့်အချိန် (သို့) မောင်းခဲ့သောခရီးအကွာအဝေးအရ မော်တော်ယာဉ်အား ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းပြုလုပ်ရမည်။ |
| 479 | ○ | ကားစတင်မမောင်းမီ အင်ဂျင်ဝိုင်သည် သတ်မှတ်သည့်နှုန်းအတိုင်းရှိ၊မရှိ တကြိမ်စစ်ဆေးသင့်သည်။ အင်ဂျင်ဝိုင်အလွန်များလျှင် အင်ဂျင်နာတတ်သည့်အပြင် ဆီလည်းပိုစားသည်။ |
| 480 | ○ | စက်ဆီမျက်နှင်ပြင်အမြင့်ကို စစ်ဆေးသည့်အခါ ကားကို ညီညာသည့်လမ်းပေါ်ရပ်ထားပြီး စစ်သင့်သည်။ |
| 481 | X | တောင်စောင်းလမ်းပေါ်၌ စက်ဆီတိုင်းတံကိုထုတ်ပြီး စက်ဆီပမာဏမှန်နှင့် စက်ဆီ၏ပြင်ညီမျက်နှာပြင် အမြင့်ကို တိုင်းယူနိုင်သည်။ |
| 482 | X | စက်နိုးပြီး အင်ဂျင်ဝိုင်ပမာဏနှင့် အရည်အသွေးကို စစ်ဆေးသင့်သည်။ |
| 483 | X | စက်ရပ်သည့်အခါ စက်ဆီအမြင့်ကို ချက်ချင်းစစ်ဆေးနိုင်သည်။ |
| 484 | ○ | အင်ဂျင်ဝိုင်ပုံမှန်လဲခြင်းဖြင့် အင်ဂျင်ကြာကြာပိုသုံးနိုင်သည်။ |
| 485 | ○ | အင်ဂျင်ဝိုင်အလွန်များလျှင် ပလပ်ကိုကာဗွန်ရိုက်တတ်၊ ဆီစားတတ်ပြီး မော်တာအားလည်း ကျဆင်းတတ် သည်။ |
| 486 | ○ | အင်ဂျင်ဝိုင်သည် နို့နှစ်ရောင်ဖြစ်နေလျှင် ရေတိုင်ကီဖြည့်ဆေးရည်နှင့် ရောမိပြီဖြစ်သဖြင့် ဝပ်ရှော့ပို့ပြီး စစ်ဆေးပြုပြင်သင့်သည်။ |
| 487 | ○ | ဘရိတ်ဆီ၏အမြင့်ကိုစစ်ဆေးသည့်အခါ ဆီသည် ဆီအိုး၏ MINစာလုံးမျဉ်းနှင့် MAXစာလုံးမျဉ်းအတွင်းရှိသင့်သည်။ လိုအပ်သည့်အခါ ဘရိတ်ဆီချက်ချင်းဖြည့်သင့်ပြီး၊ တံဆိပ်နှင့်အညွှန်းတူဆီမျိုးထည့် သင့်သည်။ |
| 488 | X | ဘရိတ်ဆီသည် MINစာလုံးမျဉ်းထက်နိမ့်နေလျှင် ဆီထပ်ဖြည့်ရုံသာလိုပြီး ဝပ်ရှော့သွားရန်မလို။ |
| 489 | ○ | မော်တော်ယာဉ်၏မိန်းဘရိတ်ဆီပန့်ကို စစ်ဆေးရာတွင် လိုအပ်နေပါက၊ ဘရိတ်ဆီဖြည့်ပေးရမည်။ |

# 汽車法規是非題

| | | |
|---|---|---|
| 490 | X | ဘရိတ်ဆီကို အမြင့်ဆုံးမျဉ်းထက်ကျော်အောင်ဖြည့်ပြီး အားဖြင့်နင်းကြည့်လျှင် ဘီးများကိုခပ်ထားသကဲ့သို့ ဖြစ်မှသာ အတိုဆုံးအကွာအဝေး၌ ဘရိတ်အုပ်နိုင်မည်။ |
| 491 | ○ | ဘရိတ်ဆီသည် သဘော်ဆေးကိုပျက်စေတတ်သဖြင့် မတော်တဆဖိတ်စင်လျှင် ရေဖြင့်ချက်ချင်းဆေးသင့်သည်။ |
| 492 | ○ | ဘရိတ်ခြေနင်းပျော့နေလျှင် ဘရိတ်ဆီပွန်ထဲ လေခိုခြင်း(သို့) ဆီယိုခြင်းတို့ဖြစ်နိုင်သဖြင့် ချက်ချင်း ကားရပ်ပြီး စစ်ဆေးပြုပြင်မှသာ ယာဉ်အန္တရယ်မှ ကာကွယ်နိုင်မည်။ |
| 493 | ○ | ဘရိတ်ဆီ၊ ပါဝါစတီယာရင်စက်ဆီနှင့် အော်တိုဂီယာအုံရှိဆီတို့သည် အဆိပ်ရှိသဖြင့် အမှတ်အသား ပြုထားသော ထည့်စရာထဲ ထည့်ပြီး ကလေးလက်လှမ်းမမီသော နေရာ၌ ထားရမည်။ |
| 494 | X | ပါဝါစတီယာရင်စံနစ် ဆီယိုလျှင် စတီယာတိုင်လုံးဝလှည့်မရပါ။ |
| 495 | ○ | အချင်းကြီးသည့် ကားဘက်ထရီအိုးခေါင်းသည် အဖိုစွန်းဖြစ်ပြီး၊ အချင်းငယ်သည့်ခေါင်းမှာ အမစွန်းဖြစ် သည်။ |
| 496 | ○ | ဘက်ထရီရည်အမြင့်ကို အမြဲပုံမှန်ဖြစ်စေခြင်းဖြင့် ဘက်ထရီ ပိုအသုံးခံစေနိုင်သည်။ |
| 497 | ○ | ဘက်ထရီရည် မလုံလောက်သည့်အခါ ပေါင်းခံရေဖြည့်ထည့်ပါ။ |
| 498 | X | ဘက်ထရီရည် မလုံလောက်သည့်အခါ သောက်ရေသန့်ကို သတ်မှတ်သည့်နေရာထိ ထည့်ဖြည့်နိုင်သည်။ |
| 499 | ○ | ဘက်ထရီရည်သည် အက်စစ်ပျော့ဖြစ်သဖြင့် စားတတ်သည်။ အကယ်၍ အရေပြား၊ မျက်စိ၊ အင်္ကျီတို့ကို ထိမိလျှင် ရေဖြင့် ချက်ချင်းဆေးကြောရမည်။ |
| 500 | X | ဓါတ်မီးခြစ်ဖြင့် မှောင်သောနေရာရှိ ဘက်ထရီခေါင်း၊ မိုးရေဖြည့်သည့်အဖုံးတို့၏ အခြေအနေကို စစ်ဆေး ကြည့်ရှုနိုင်သည်။ |
| 501 | ○ | ကားထဲတွင် ဓါတ်အားစားသော လျှပ်စစ်ပစ္စည်းများစွာ တပ်ဆင်ထားလျှင် အင်ဂျင်မှဆီစားများမည်။ |
| 502 | ○ | ဘက်ထရီအားမလောက်၍ အခြားကားတစင်း၏ဘက်ထရီနှင့် စက်နိုးလိုလျှင် အဖိုစွန်းနှင့်အဖိုစွန်းဆက်ပြီး၊ အမစွန်းကိုမူ ပျက်သည့်ကား၏သံဘော်ဒီနေရာကောင်းနှင့် ဆက်ရမည်။ |

# 汽車法規是非題

| | | |
|---|---|---|
| 503 | X | ကားရှေ့မှန်၏ ရေဖြန်းကရိယာပါအရည်ဗူးထဲ ရေမရှိတော့လျှင်လည်း<br>ရေဖျန်းကရိယာကို ဆက်သုံးနိုင်သည်။ |
| 504 | ○ | ဒက်ချ်ဘုတ်ပေါ်မှ မိုင်းလိပ်ဒိုင်ခွက်သည် မော်တော်ယာဉ်မောင်းနှင်ခဲ့သော<br>စုစုပေါင်းခရီးမိုင်ဖြစ်သည်။ |
| 505 | X | ကားမီတာဒိုင်ခွက်ပေါ် ရှိ 「မိုင်းလစ်စ်ခွက်」 သည် မီနစ်ဖြင့် အင်ဂျင်လည်ပတ်နှုန်းကို<br>ပြသသည်။ |
| 506 | ○ | ကားမီတာဒိုင်ခွက်ပေါ် ရှိ 「အင်ဂျင်လည်ပတ်နှုန်းပြဒိုင်ခွက်」 သည်<br>အင်ဂျင်လည်သည့်အကြိမ်ကို ပြသသည်။ ယင်း၏ညွှန်တံသည် "1" နေရာ၌<br>ညွှန်ပြနေလျှင် တမိနစ်လျှင် အင်ဂျင်အခေါက်၁၀၀၀လည် ကြောင်း ဆိုလိုသည်။ |
| 507 | X | ကားမီတာဒိုင်ခွက်ပြင်ပေါ် ရှိ 「အင်ဂျင်ဆေးရည်အပူချိန်ပြဒိုင်ခွက်」 သည် ကားအပြင်၏<br>လေအပူချိန်နှင့် မောင်းနှင်သည့် အခြေအနေတို့ကြောင့် မပြောင်းလဲတတ်ပေ။ |
| 508 | ○ | ကားမီတာဒိုင်ခွက်ပေါ် ရှိ 「အင်ဂျင်ဆေးရည်အပူချိန်ပြဒိုင်ခွက်」 ၏ညွှန်တံသည်<br>ပုံမှန်ဘောင်ထက် ကျော်လွန်လျှင် လမ်းဘေး၌ အမြန်ဆုံးရပ်သင့်သည်။ ဆက်မောင်းလျှင်<br>အင်ဂျင်ကိုထိခိုက်တတ်သည်။ |
| 509 | ○ | အင်ဂျင်ပူလျှင် အပူချိန်ပြညွှန်တံသည် " H " ဘက်သို့ညွှန်တတ်သည်။ |
| 510 | X | အင်ဂျင်မှ ပုံမှန်အလုပ်လုပ်သည့်အပူချိန်၌ ရေတိုင်ကီတွင်းရှိ ဆေးရည်ပမာဏ၊<br>ရေကောင်း/မကောင်းနှင့် ရေယိုခြင်းရှိ/မရှိ စစ်ဆေးသင့်သည်။ |
| 511 | ○ | အင်ဂျင်အရန်းပူသည့်အခါ ရေတိုင်ကီဖုံးကို ချက်ချင်းမဖွင့်သင့်။ အပူရည်များ<br>ရေတိုင်ကီတွင်းမှစင်ထွက်ပြီး အပူမလောင်မိအောင် ကာကွယ်ရမည်။ |
| 512 | X | ရေတိုင်ကီဖြည့်ဆေးရည် လောက်/မလောက် စစ်ဆေးလိုလျှင်<br>အင်ဂျင်ကိုမိနစ်အနည်းငယ်နိုးကာ ပြန်ရပ်ပြီး နောက်၊ ရေကန်အဖုံးဖွင့်၍<br>ရေမျက်နှာပြင်ကို ကြည့်ရမည်။ |
| 513 | X | အအေးခံစံနစ်တွင် အရံရေတိုင်ကီထဲ ရေပြည့်နေသရွေ့ ပင်မရေတိုင်ကီကို<br>မစစ်ဆေးလျှင်လည်း ပြသနာ မရှိတတ်။ |
| 514 | X | အင်ဂျင်ဆေးရည်ထဲ ရေမခဲစေသည့်အရည်နှင့် သံချေးမတက်စေသောဆေးပါသဖြင့်<br>လဲစရာမလို။ |

# 汽車法規是非題

| | | |
|---|---|---|
| 515 | X | မောင်းနေစဉ် ရေအပူချိန်ပြညွှန်တံသည် အမြင့်ဆုံးစကေးမျဉ်းထက် ကျော်နေကြောင်းတွေ့လျှင် ကားကို လမ်းဘေး၌ရပ်ပြီး၊ လက်ဆွဲဘရိတ်ဆွဲအုပ်ပြီး စက်ရပ်မည်။ ထို့နောက် ရေတိုင်ကီဖုံးဖွင့်ကာ တိုင်ကီထဲရှိ ရေပမာဏကို စစ်ဆေးပါ။ |
| 516 | ○ | အင်ဂျင်စက်မနိုးမီ ရေတိုင်ကီတွင်းရှိ ဆေးရည်ပမာဏနှင့် စက်ဆီအမြင့်တို့ကို စစ်ဆေးကြည့်ရှုသင့်သည်။ |
| 517 | ○ | ဆေးရည်သုံးအင်ဂျင်၌ ဆေးရည်မရှိလျှင် အင်ဂျင်နိုးမရ။ |
| 518 | X | ဆေးရည်လုံလောက်နေသရွေ့ အင်ဂျင်အရန်းမပူတတ်ပေ။ |
| 519 | ○ | ကားရှေ့မှန်၏ ရေဖျန်းကရိယာပါ အရည်ဗူးထဲ ရေမရှိတော့လျှင် ယင်း၏မော်တာပျက်လွယ်သည်။ ဤအခါ မိုးရေသုတ်တံကို ဖွင့်လျှင်လည်း ကားရှေ့မှန်ကို ထိခိုက်တတ်သည့်အပြင်၊ ရေသုတ်တံ၏အပြားလည်း ပျက်စီးတတ်သည်။ |
| 520 | X | ကားမီတာဒိုင်ခွက်ပြားပေါ် ရှိ ဓါတ်ဆီမီတာခွက်၏ ညွှန်တံအမြင့်သည် 「E」 နေရာထိရောက်နေပြီး လိမ္မော်ရောင်ရှိ ဆီနည်းကြောင်း သတိပေးသည့်မီး လင်းလာလျှင်လည်း အလောတကြီး ဆီဖြည့်ရန်မလို၊ ခရီးဆုံးရောက်မှ လောင်စာဆီဖြည့်လျှင်လည်းရသည်။ |
| 521 | X | ဓါတ်ဆီမီတာခွက်၏ညွှန်တံသည် "E" နေရာရှိလျှင် ဆီကန်ထဲ ဆီပြည့်နေကြောင်း သဘောဆောင်သည်။ |
| 522 | ○ | အင်ဂျင်နိုးပြီးနောက် အစိပ်အပိုင်းအသီးသီးရှိ လျှပ်စစ်ပစ္စည်းများ သုံးရန်ဓါတ်အားကို မီးစက်မှထုတ်ပေး သည်။ |
| 523 | ○ | ကားမောင်းနေစဉ် ချာဂျင်သွင်းသတိပေးမီး လင်းနေကြောင်းတွေ့လျှင် ဓါတ်အားသွင်းစံနစ် ချို့ယွင်းသည့် သဘောဆောင်သည်။ |
| 524 | ○ | ကားမောင်းနေစဉ် ဘရိတ်သတိပေးမီး ရုတ်တရက်လင်းလာလျှင် ချက်ချင်းလမ်းဘေးကပ်ရပ်ပြီး စက်ရပ်ကာ ကားဆွဲသူအလာကိုစောင့်ပါ။ |
| 525 | ○ | ABS ဘရိတ်စံနစ်ကို အသုံးပြုလျှင် ယင်း၏အားသာချက်မှာ အရေးပေါ်ဘရိတ်အုပ်သည့်အခါ ဘရိတ်နှင့် လှည့်သည့်ဘက်တို့ကို ပုံမှန်ဖြစ်စေနိုင်သည့်အချက်ဖြစ်သည်။ |

# 汽車法規是非題

| | | |
|---|---|---|
| 526 | ○ | ကွန်ပြူတာဖြင့်ထိန်းသော ABS ဘရိတ်စံနစ်သည် အမြန်နှုန်းဖြင့်မောင်းစဉ် ရုတ်တရက်ဘရိတ်အုပ်သည့်အခါ၊ ဘရိတ်ခြေနင်းသည် အထက်/အောက်တုန်ခါတတ်သော်လည်း ဤသည်မှာ ပုံမှန်လက္ခဏာဖြစ် သည်။ |
| 527 | ○ | အမြန်မောင်းနေစဉ် ရုတ်တရက်ဘရိတ်အုပ်သည့်အခါ ကွန်ပြူတာဖြင့်ထိန်းသော ABS ဘရိတ်စံနစ်ကြောင့် ဒရိုင်ဘာကသာ စိတ်တည်ငြိမ်စွာနှင့် စတီယာတိုင်ကိုထိန်းနိုင်လျှင် အဟန့်အတားဖြစ်စေသော အရာဝတ္ထုကို ရှောင်သွားနိုင်ချေရှိသည်။ |
| 528 | ○ | ကားထဲရှိ ပစ္စည်းထည့်အံဖုံးကို ဖွင့်ပြီးလျှင်ပြန်ပိတ်ပါ။ သို့မှသာ အရေးပေါ်ကိစ္စ (သို့) ရုတ်တရက် ဘရိတ်အုပ်သည့်အခါ ကားပေါ်ပါလူများ ဒဏ်ရာမရမည်။ |
| 529 | ○ | ကားအတွင်း မလိုအပ်သောပစ္စည်းပိုများ မထားသင့်ပါ။ ကားအလေးချိန်လျော့ချမှ ဆီစားသက်သာမည့်အပြင် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်သည့်ပမာဏကိုလည်း လျော့ချနိုင်မည်။ |
| 530 | ○ | ကားမောင်းနေစဉ် ဒရိုင်ဘာ၏၏ထိုင်ခုံကို နေရာမပြင်သင့်၊ မဟုတ်လျှင် ထိုင်ခုံ ရုတ်တရက်နေရာရွေ့တတ်ကာ ကားကိုမထိန်းနိုင် ဖြစ်တတ်သည်။ |
| 531 | X | ကားမောင်းနေစဉ် အကယ်၍ ထိုင်ရတာအဆင်မပြေကြောင်း ခံစားရလျှင် မောင်းရင်းနှင့်ထိုင်ခုံနေရာကိုပြင်နိုင်သည်။ |
| 532 | X | နောက်တွင် ထိုင်သူ၏မြင်ကွင်းကို မပိတ်မိစေလိုသောကြောင့် ရှေ့ထိုင်ခုံ၏ခေါင်းမှီကို ဖျက်နိုင်သည်။ |
| 533 | X | ကလေးငယ်ကို ပေါင်ပေါ်ချချီကာ ထိုင်ခုံခါးပတ် ပတ်ထားလျှင် လုံခြုံသည့်အပြင် ကလေးငယ်ကိုလည်း  ကာကွယ်စောင့်ရှောက်နိုင်သေးသည်။ |
| 534 | X | ကလေးနှစ်ဦးမှ ထိုင်ခုံခါးပတ်တချောင်းတည်း ပေါင်းသုံးသော်လည်း ၎င်းတို့၏လုံခြုံရေးအတွက်မထိခိုက် တတ်ပါ။ |
| 535 | X | ထိုင်ခုံခါးပတ်ကြိုးကို ရင်ဘတ်ရှေ့ စောင်းပတ်ထားရသဖြင့် ဖိပြီးမအီမသာခံစားရသည်။ ဒါကြောင့် ချိုင်းကြားအောက်သို့ နေရာရွှေ့ပြီး ပတ်ထားလျှင်လည်း လုံခြုံသည့်အပြင်၊ ကြိုးလည်း ပိုလျော့ရဲသဖြင့် နေလို့ကောင်းသွားပြီ။ |
| 536 | ○ | ထိုင်ခုံခါးပတ်ကြိုး ပွန်းပဲ့(သို့)ပျက်စီးနေလျှင် အသစ်လဲရမည်။ |

| | | |
|---|---|---|
| 537 | ○ | ကားပြင်းထန်စွာတိုက်ထားပြီးနောက် အသုံးပြုပြီးသော ထိုင်ခုံခါးပတ်နှင့် ယင်း၏ ကြိုးသည့်ကရိယာ၊ အပိုပစ္စည်းများအားလုံးကို အသစ်လဲရမည်။ |
| 538 | X | အသက်ကယ်အိတ်ရှိသောကားထဲတွင် ထိုင်ခုံခါးပတ်ပတ်ရန်မလို။ |
| 539 | ○ | အော်တိုဂီယာသုံးကားကို စမောင်းစဉ် ဘရိတ်ခြေနင်းကိုနင်းပြီးမှ ဂီယာတံကိုရွှေ့ရမည်။ သို့မှသာ ရုတ်တရက် ရှေ့သို့ထိုးထွက်ခြင်းမျိုးကို ကာကွယ်နိုင်မည်။ |
| 540 | ○ | အော်တိုဂီယာသုံးကား အင်ဂျင်နိုးသည့်အခါ ဂီယာတံကို 「P」 နေရာ၌ထားရမည်။ |
| 541 | X | လက်ထိုးဂီယာသုံးကား အင်ဂျင်နိုးသည့်အခါ ဂီယာတံကို 「D」 နေရာ၌ထားမှသာ မော်တာလည်နိုင်မည်။ |
| 542 | X | အော်တိုဂီယာသုံးကားသည် ယင်း၏ဂီယာတံကို 「N」 သို့မဟုတ် 「P」 နေရာမှအပ အခြားနေရာတွင်ထားလျှင်လည်း အင်ဂျင်ကိုနိုးနိုင်သည်။ |
| 543 | X | အော်တိုဂီယာကားကိုမောင်းနှင်စဉ် ဂီယာတံကို အချိန်မရွေး 「P」 သို့မဟုတ် 「R」 နေရာသို့ ပြောင်းနိုင်သည်။ |
| 544 | ○ | အော်တိုဂီယာကားကိုရပ်သည့်အခါ ကားလုံးဝရပ်သွားမှသာ ဂီယာတံကို 「P」 နေရာသို့ပြောင်းရမည်။ |
| 545 | ○ | အော်တိုဂီယာကား၏ ရှေ့ဂီယာ 「D」 ကို နောက်ဂီယာ 「R」 သို့မဟုတ် ရပ်သည့်ဂီယာ 「P」 သို့ ပြောင်းသည့်အခါ ကားလုံးဝရပ်မှသာ ဂီယာပြောင်းပါ။ |
| 546 | ○ | အော်တိုဂီယာကား တောင်စောင်းမတ်ဆင်းသည့်အခါ ဂီယာငယ်ကိုသုံးသင့်သည်။ |
| 547 | ○ | ကားမမောင်းမီ ကားတာယာပန်းအထူနှင့် ဘီးဖိအားကို စစ်ဆေးသင့်သည်။ |
| 548 | ○ | ကားဘီး၏၏ အတွင်းနှင့်အပြင်ဘီးဖိအားကို ပုံမှန်စစ်ဆေးသင့်သည်။ ကားတစီးနှင့်တစီး၏ ဘီးဖိအားစံချိန်ချင်း မတူတတ်သောကြောင့် ဒရိုင်ဘာသုံးသည့် အညွှန်းစာအုပ်အတိုင်း ကားဘီး၏လေကို သတ်မှတ်သည့်ပမာဏထိ ဖြည့်ရမည်။ |
| 549 | X | ဘီးဖိအားများလေလေ၊ ဆီစားသက်သာလေလေဖြစ်သည့်အပြင် ဘရိတ်အစွမ်းကိုလည်းမထိခိုက်ပါ။ |
| 550 | ○ | ဘီးဖိအားမလောက်လျှင် ဆီပိုစားသည့်အပြင်၊ အရှိန်မြင့်ဖြင့် နာရီများစွာမောင်းလျှင် ဘီးရုတ်တရက် ပေါက်လွယ်သည်။ |

# 汽車法規是非題

| | | |
|---|---|---|
| 551 | X | ကားတာယာပန်း များစွာပွန်းနေသော်လည်း ယာဉ်၏လုံခြုံရေးကို မထိခိုက်တတ်ပါ။ |
| 552 | ○ | စတာတာဖြင့် အင်ဂျင်ကိုနိုးတိုင်း ၁၀စက္ကန့်ထက်မပိုသင့်၊ မဟုတ်လျှင်<br>ဘက်ထရီနှင့်စတာတာတို့ ပျက်စီးလွယ်သည်။ |
| 553 | ○ | အင်ဂျင်နိုးသည့်အချိန် ၁၀စက္ကန့်ထက်ကျော်၍ စက်မနိုးသေးလျှင် ၁၀မိနစ်နားပြီးမှ<br>ထပ်မံနိုးပါ။ မဟုတ်လျှင် စတာတာပျက်လွယ်သည်။ |
| 554 | X | ဘက်ထရီဓါတ်အားမရှိ၊ အင်ဂျင်လည်းနိုးမရသည့်အခါ<br>မည်သည့်ဂီယာသုံးသည့်ကားမျိုးမဆို တွန်းပြီး အင်ဂျင်စက်နိုးနိုင်သည်။ |
| 555 | ○ | အင်ဂျင်နိုးသည့်အခါ အိတ်ဇောပိုက်မှ ဖြူပြာရောင်အခိုးများထွက်လျှင်<br>စက်ဆီလောင်ကျွမ်းခြင်းကြောင့် ဖြစ်သည်။ |
| 556 | ○ | အင်ဂျင်ကို အပူချိန်နိမ့်သည့်အခါနိုးလျှင် အိတ်ဇောပိုက်မှ ရေစက်ကျတတ်ခြင်းသည်<br>ပုံမှန်အခြေအနေဖြစ်သည်။ |
| 557 | ○ | ဘရိတ်အုပ်သည့်အခါ အသံထူးထွက်နေလျှင် ဘရိတ်စံနစ် ပုံမမှန်ခြင်း ဖြစ်နိုင်သဖြင့်<br>ကားရပ်ပြီး စစ်ဆေး သင့်သည်။ |
| 558 | X | ဘရိတ်အုပ်သည့်အခါ အသံထူးထွက်ခြင်းသည် ပုံမှန်ဖြစ်သဖြင့် စစ်ဆေးရန်မလို။ |
| 559 | X | လက်ဆွဲဘရိတ်မဖြုတ်လျှင်လည်း ကားစတင်မောင်းနိုင်သည်။ |
| 560 | X | လက်ဆွဲဘရိတ်နှင့် ခြေနင်းဘရိတ်တို့ကို တပြိုင်နက်မသုံးရ။ |
| 561 | ○ | ဘရိတ်ပြင်းပြင်းအုပ်လျှင် ဘီးပွန်းလွယ်သည့်အပြင် ကားမှောက်လွယ်သည်။ |
| 562 | ○ | ဘရိတ်အုပ်သည့်အခါ အသံထူးထွက်ခြင်းသည် ဘရိတ်လိုင်နာပြားပွန်း၍ ဖြစ်နိုင်သည်။ |
| 563 | ○ | မော်တော်ယာဉ်အသစ်၏စက်ကိရိယာများသည် အထိုင်ကျကာလအတွင်း<br>အမြန်နှုန်းမောင်းနှင်ခြင်းနှင့် အရေးပေါ်ဘရိတ်နင်းခြင်းကိုရှောင်ကြဉ်ရမည်။ |
| 564 | X | မိုင်နှုန်းမြင့်လေ ဆီစားသက်သာလေဖြစ်သဖြင့် အင်ဂျင်လည်ပတ်နှုန်းကိုလည်း<br>အကန့်အသတ်မရှိမြှင့်တင် နိုင်သည်။ |
| 565 | ○ | အင်ဂျင်အေးကို အမြန်လည်ပတ်စေလျှင် အင်ဂျင်တာရှည်အသုံးမခံပါ။ |
| 566 | ○ | အင်ဂျင်အပူချိန်နိမ့်သည့်အခါ ဆီစားနှုန်းသည် ပုံမှန်အပူချိန်ထက် ပိုများတတ်သည်။ |
| 567 | X | ကားကိုပုံမှန်စစ်ဆေးနေလျှင် ကားပျက်သတိပေးဆိုင်းဘုတ်ကို စစ်ဆေးရန်မလို၊<br>ထို့ကြောင့် ကားထဲ ဤဆိုင်းဘုတ်ကို အမြဲမဆောင်ထားလျှင်လည်းရသည်။ |

# 汽車法規是非題

| | | |
|---|---|---|
| 568 | ○ | လောင်စာနှင့်လျှပ်စစ်အားရောသုံးသော ကား၏ အဓိကအားသာချက်မှာ လောင်စာသက်သာပြီး လေထုညစ်ငြမ်းမှု လျော့နည်းစေခြင်းဖြစ်သည်။ |
| 569 | X | ကွန်ပြူတာဖြင့်ထိန်းသော ဓါတ်ဆီဂျက်အင်ဂျင်ကို အပူချိန်နိမ့်ချိန်တွင် မနိုးမီ လီဘာကို အကြိမ်အနည်းငယ်နင်း/လျော့လုပ်မှသာ စက်နိုးရလွယ်မည်။ |
| 570 | ○ | ကားရပ်သည့်အခါ လက်ဆွဲဘရိတ်ကိုဆွဲတင်ထားမှသာ ကားရွှေ့လျောခြင်းကို ကာကွယ်နိုင်မည်။ |
| 571 | ○ | တာဘိုအင်ဂျင်သုံး အင်ဂျင်ဆွဲအားပြန်ဖြည့်ပေးသည့်ကရိယာတပ်ဆင် ထားသောကားကို မောင်းပြီးနောက် မြက်ခင်း (သို့) လောင်လွယ်သောပစ္စည်းပေါ် ရပ်မထားရ။ သို့မှသာ မီးဘေးမှ ကင်းဝေးမည်။ |
| 572 | ○ | ကားရပ်သည့်အခါ ဓါတ်မီးခြစ်ကဲ့သို့သော မီးလောင်လွယ်သည့်ပစ္စည်းကို ကားထဲမထားရ။ နေရောင် ဒါရိုက်ထိုးမိ၍ အပူချိန်မြင့်တက်လာခြင်းကြောင့် အန္တရယ်ဖြစ်ပွားတတ်သည်။ |
| 573 | ○ | အမောင်းသင်လိုင်စင်ဖြင့် လမ်းမပေါ်အမောင်းသင်စဉ် ယာဉ်စည်းကမ်းဆိုင်ရာ အမှတ်အသားများ၊ မျဉ်းများ၊ မီးပွိုင့်များ၊ မိုင်နုန်းကန့်သတ်ချက်များအတိုင်း လိုက်နာရမည်။ ထို့ပြင် ကားရှေ့ပိုင်းနှင့်ဘေးနှစ် ဘက်၏၏လှုပ်ရှားမှုမှန်သမျှကိုလည်း သတိထားကာ၊ လုံခြုံရေးအတွက်လိုအပ်သည့် လုပ်ဆောင်ချက်များကို အချိန်မရွေးလုပ်ရမည်။ |
| 574 | X | အမောင်းသင်လိုင်စင်ကို ပုံမှန်လိုင်စင်အဖြစ် ခေတ္တသုံးကာ၊ လမ်းမပေါ် အချိန်မရွေးတက်မောင်းနိုင်သည့် အပြင်၊ ရဲဌာနမှလည်း ဥပဒေအရ အရေးယူခွင့်မရှိပါ။ |
| 575 | X | အမောင်းသင်လိုင်စင် ရရှိထားသောသူသည် မည်သည့်လမ်းတွင်မဆို မောင်းနှင်နိုင်သည်။ |
| 576 | ○ | ကားမောင်းသင်လိုင်စင်ကို ရရှိပြီး ကားမောင်းသင်လိုင်းတွင် မောင်းနှင်ရာမှာ ကားလမ်း သို့မဟုတ် မြို့ပြလမ်း ဦးစီးဌါနမှ သတ်မှတ်ထားသော လမ်းပိုင်းနှင့် အချိန်ကာလတွင် ဆောင်ရွက်ရမည်။ ထို့အပြင် မောင်းသင်ကား လိုင်းစင်ရှိသော ကားမောင်းသူသည် အနားတွင် စောင့်ကြပ်ကာကွယ်ရမည်။ |
| 577 | X | လိုင်စင်မရှိသော်လည်း ကားမောင်းကျွမ်းကျင်လျှင် အခြားသူကို ကားမောင်းသင်ပေးနိုင်သည့်အပြင်၊ ကိုယ့်အလုပ်အကိုင်ကဲ့သို့ လုပ်ကိုင်နိုင်သည်။ |
| 578 | ○ | လိုင်စင်စာမေးပွဲအောင်ပြီးသော်လည်း လိုင်စင်မရသေးမီ ကားမမောင်းရ။ |

# 汽車法規是非題

| | | |
|---|---|---|
| 579 | X | လိုင်စင်စာမေးပွဲအောင်ပြီးနောက် လိုင်စင်မရသေးသော်လည်း ကားမောင်းနိုင်သည်။ |
| 580 | X | အငှားလိုင်စင်ကိုင်ဆောင်သူသည် ဒိတ်လွန်၍ ဖျက်သိမ်းခံရသော အငှားလိုင်စင်ဖြင့်<br>အဆင့်တူကားမျိုး၏ ရိုးရိုးလိုင်စင်(ကိုယ်ပိုင်လိုင်စင်)ကို ပြောင်းလျှောက်နိုင်သည်။<br>ရိုးရိုးလိုင်စင်မရသေးမှီ ကားမောင်းနိုင်သည်။ |
| 581 | ○ | သီးသန့်ကားမောင်းလိုင်စင် ကိုင်ထားသော ငှားကားမောင်းသူသည်<br>အရွယ်၇၀နှစ်ရောက်လျှင် သတ်မှတ်ချက်အရ ကားမျိုးတူ ရိုးရိုးကားမောင်းလိုင်စင်ကို<br>ပြောင်းရန်လျှောက်ထားရမည်။ |
| 582 | X | ကားမရပ်ရသည့် လမ်းအပိုင်းသည် အခြားသတ်မှတ်ချက်မှလွဲ၍ အဓိကအနေဖြင့်<br>၂၄နာရီလုံး ကားရပ်ခွင့် တားမြစ်ထားသည်။ |
| 583 | ○ | ကားမရပ်ရသည့်လမ်းအပိုင်းတွင် ယာယီရပ်ခွင့်ပြုသော်လည်း ရပ်နားခွင့်မပြု။ |
| 584 | ○ | ကားမရပ်ရသည့်လမ်းအပိုင်းတွင် ယာယီရပ်ခွင့်ပြုသော်လည်း ရပ်နားခွင့်မပြု။ |
| 585 | X | ယာယီယာဉ်ရပ်ခွင့်မပြုသည့်လမ်းအပိုင်း၌ တနေ့လုံး မည်သည့်အချိန်မဆို၊<br>ယာယီရပ်ခွင့်နှင့်ရပ်နားခွင့် မပြုပေ။ |
| 586 | ○ | ယာဉ်မရပ်ရ ဆိုင်းဘုတ်ထောင်ထားသော လမ်းပိုင်းတွင်<br>အကယ်၍အခြားသတ်မှတ်ချက်အမှတ်အသားမရှိပါက ညစနာရီနောက်ပိုင်းနှင့်<br>နောက်တစ်ရက်မနက် ၇ နာရီမထိုးမီ မော်တော်ယာဉ်ရပ်နားခြင်း  (သို့)<br>ခေတ္တရပ်နားခြင်းပြုလုပ်နိုင်သည်။ |
| 587 | X | ကားနှစ်စင်း ဘေးချင်းကပ် ပြိုင်တူခေတ္တရပ်ခွင့်ပြုသည်။ |
| 588 | X | ရထားလမ်းဆုံကိုဖြတ်သောအခါ ရှေ့ကားမှ ရပ်၊ကြည့်၊နားထောင်ခြင်းမလုပ်ဘဲ<br>ဖြတ်ကျော်သွားသကဲ့သို့ ကျွန်တော်လည်း ၎င်းနည်းအတိုင်း ဖြတ်ကျော်နိုင်သည်။ |
| 589 | ○ | အစောင့်မရှိသောရထားလမ်းဆုံ (သို့)အဟန့်အတား၊ သတိပေးခေါင်းလောင်း၊<br>အချက်ပြမီးပွိုင့် (ဘားတိုင်) တို့ မရှိသောသံလမ်းရှေ့၏ ၃မှ၆မီတာအကွာ၌<br>ရပ်၊ကြည့်၊နားထောင်ပြီး နှစ်ဘက်စလုံးမှ ရထားမလာကြောင်း သေချာမှသာ<br>ဖြတ်မောင်းရမည်။ |

| | | |
|---|---|---|
| 590 | ○ | ကားမောင်းနှင်စဉ် ကားမကျော်ရမျဉ်းပေါ် ခွမမောင်းရ၊ ဦးတည်ချက်ကန့်သတ်သည့်မျဉ်း၊ ယာဉ်ကြောမ ပြောင်းရသည့်လမ်းအပိုင်း၊ သို့မဟုတ် ရထားလမ်းဆုံတွင် ကားကျော်ခြင်း(သို့) ဂငယ်ကွေ့မကွေ့ရ။ |
| 591 | X | ဖြောင့်ဖြူးညီညာသော လမ်းအပိုင်း၌ မျဉ်းဝါနှစ်ကြောင်းဆွဲထားသော်လည်း မျက်နှာဆိုင်ဘက်မှ ကားမလာ သည့်အခါ ယင်း၏ယာဉ်ကြောတွင်းသို့ ဝင်မောင်းနိုင်သည်။ |
| 592 | ○ | လမ်းကွေ့၊ မတ်စောက်တောင်ကုန်း၊ တံတားကျဉ်း၊ ဥမင်လိုဏ်ခေါင်း၊ လမ်းဆုံလမ်းခွဟူသည့် သင်္ကေတပြ ဆိုင်းဘုတ်များရှိသည့်လမ်းအပိုင်း၊ (သို့) ရထားလမ်းဆုံ၊ လမ်းပြင်နေသည့် အပိုင်းတို့တွင် ကားမကျော်ရ။ |
| 593 | X | တည့်တည့်မောင်းနှင်သော ယာဉ်သည်လမ်းဆုံလမ်းဝသို့ မရောက်မီကွေ့မည့် ယာဉ်သည်အရင်ကွေ့မောင်းနိုင်သည်။ |
| 594 | ○ | လူကူးမျဉ်းကျားပေါ် လမ်းဖြတ်သူရှိလျှင် ယာဉ်ထိန်းသူ(သို့) မီးပွိုင့်ရှိ/မရှိ ကားမောင်းသူသည် ခေတ္တ ရပ်ပြီး လမ်းကူးသူကို ဦးစားပေးဖြတ်စေရမည်။ |
| 595 | X | မိမိရှေ့တွင်အရေးပေါ်လူနာတင်ယာဉ်မောင်းနှင်တာဝန်ထမ်းဆောင်နေလျှင် အချိန်မီရန်အလို့ငှာ အဆိုပါယာဉ်အား ကျော်တက်မောင်းနှင်နိုင်သည်။ |
| 596 | X | ကားမောင်းစဉ် လုပ်အားပေးယာဉ်ထိန်း၏ ညွှန်ကြားမှုကို လိုက်နာစရာမလို၊ မီးပွိုင့်၏အချက်ပြမီးကိုသာ အဓိကထားမည်။ |
| 597 | ○ | ညအချိန်ကားမောင်းလျှင်ဖြစ်စေ၊ (သို့) ဥမင်လိုဏ်ခေါင်း၊ မြေအောက်မြောင်း၊ မြေအောက်လမ်းတွင်မောင်း လျှင်ဖြစ်စေ၊ (သို့) မြူခိုး၊ မိုးကြီး၊ အလင်းရောင်မှိန်ခြင်းနှင့် ကြုံလျှင်ဖြစ်စေ၊ ကောင်းစွာမမြင်ရသည့်အခါ ဖြစ်စေ ကားခေါင်းမီးကြီး ဖွင့်မောင်းရမည်။ |
| 598 | X | ဥမင်လိုဏ်ခေါင်းအတွင်း မောင်းသည့်အခါ လိုဏ်ခေါင်းတွင်း၏ မီးများလင်းပြီး ကောင်းစွာမြင်ရသဖြင့် ခါတ်အားခြိုးခြံသည့်အနေဖြင့် ကားခေါင်းမီးကြီးဖွင့်ရန်မလို။ |
| 599 | ○ | တောပိုင်းဒေသ၊ ထူးခြားသည့်လမ်းအပိုင်း၊ မြေအောက်မြောင်း၊ (သို့) မြေအောက်လမ်းတို့တွင် မောင်းနှင်စဉ် သင်္ကေတပြဆိုင်းဘုတ်၏ ညွှန်ပြချက်အတိုင်း မီးရောင်အသုံးချရမည်။ |

| | | |
|---|---|---|
| 600 | ○ | ဆစ်ချိုးအကွေ့ စည်းကမ်းနှင့်မညီသည့် တောင်ကုန်းလမ်း၏ အပေါ်ဆုံးနေရာ၊ (သို့)<br>မြို့ပြင်ရှိ ယာဉ်ကြောတူလမ်းတွင် ကားကျော်လိုလျှင်ဖြစ်စေ၊ အရေးပေါ်အန္တရယ်နှင့်<br>ကြုံလျှင်ဖြစ်စေ၊ ဟွန်းတီးနိုင်သည်။ |
| 601 | X | ဆလင်ဒါအင်္ဂျင်ထုတ်လုပ်နှုန်း ၂၅၀ ကုဗစင်တီမီတာအထက်ရှိပြီး<br>၅၅၀ကုဗစင်တီမီတာမပြည့်သောလေးလံသည့်အကြီးစားမော်တော်ယာဉ်သည်<br>၎င်းထက်ငယ်သောယာဉ်များထက် ဟိုင်းဝေးနှင့်အမြန်လမ်းမကြီးပေါ်တွင်<br>ဦးစားပေးမောင်းနှင်ခွင့်ရှိသည်။ |
| 602 | ○ | ခရီးသည်နှင့် ကုန်နှစ်မျိုးလုံးတင်နိုင်သောကားသည် လူတင်လျှင်<br>သတ်မှတ်ထားသည့်ဦးရေထက် မကျော်ရသလို၊ ကုန်တင်လျှင်လည်း ခွင့်ပြုထားသည့်<br>အလေးချိန်ထက်ပိုမတင်ရပါ။ လူနှင့်ကုန်နှစ်မျိုးလုံးတင် သည့်အခါတွင် ခွင့်ပြုထားသည့်<br>စုစုပေါင်းအလေးချိန်ထက် မကျော်ရ။ |
| 603 | X | ကားနံပါတ်ပြားကို အတုမလုပ်ရ၊ မပြုပြင်ရ၊ (သို့ ) ကလိန်နည်းဖြင့် မထုတ်ရသော်လည်း<br>အခြားသူကိုငှားပေးခြင်း (သို့) အခြားသူ၏၏နံပါတ်ပြားကို အသုံးချခြင်းတို့<br>ပြုလုပ်နိုင်သည်။ |
| 604 | ○ | ကားနံပါတ်ပြားရှိသော<br>ကိုယ်ပိုင်ကားငယ်သည်(အရည်ဂက်စ်နှင့်သဘာဝဓါတ်ငွေ့သုံးကားမှလွဲ၍) စက်ရုံမှ<br>ထုတ်လုပ်သည့်နှစ်အရ ၅-နှစ်မပြည့်သေးလျှင် ပုံမှန်စစ်ဆေးခံရန်မလို၊ ၅-နှစ်အထက်နှင့်<br>၁၀-နှစ်အောက် ဆိုလျှင် နှစ်စဉ်အနည်းဆုံး တကြိမ်၊ ၁၀-နှစ်အထက်ဆိုလျှင်<br>နှစ်စဉ်အနည်းဆုံးနှစ်ကြိမ် စစ်ဆေးခံရမည်။ ။ |
| 605 | X | နံပါတ်ပြားရှိသော ကိုယ်ပိုင်ကားငယ်သည် စက်ရုံမှထုတ်လုပ်သည့်နှစ်အရ ၆-နှစ်<br>မပြည့်သေးလျှင် ပုံမှန် စစ်ဆေးခံရန်မလို၊ ၆-နှစ်အထက်နှင့် ၁၀-နှစ်အောက်ဆိုလျှင်<br>နှစ်စဉ်အနည်းဆုံးတကြိမ် ၊ ၁၀-နှစ်အထက် ဆိုလျှင် နှစ်စဉ်အနည်းဆုံးနှစ်ကြိမ်<br>စစ်ဆေးခံရမည်။ |
| 606 | X | အရည်ဂက်စ်နှင့် သဘာဝဓါတ်ငွေ့သုံး ကိုယ်ပိုင်ကားငယ်၊ ကုန်ကားငယ်၊ ကားကြီး၊<br>ကလေးငယ်သုံးအထူး ကားနှင့် စီးပွားဖြစ်သုံးကားတို့သည် ထုတ်လုပ်ကာလ ၅- |

| | | |
|---|---|---|
| | | နှစ်မပြည့်သေးလျှင် နှစ်စဉ်အနည်းဆုံးတကြိမ်၊ ၁၀-နှစ်အထက် ဆိုလျှင် နှစ်စဉ် အနည်းဆုံးနှစ်ကြိမ် စစ်ဆေးခံရမည်။ |
| 607 | ○ | အသုံးပြုဆဲကားကို အရည်သုံးဂက်စ်ကားအဖြစ် ပြောင်းလိုသူသည် သတ်မှတ်ချက်အရ ကား၏၏လုံခြုံရေး အဆင့်မီသည့်အစီရင်ခံစာရယူပြီး ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကြီးကြပ်သည့်ဌာနထံ အစစ်ဆေးခံရန် နှင့် အပြောင်းအလဲလုပ်ရန် လျှောက်ထားရမည်။ |
| 608 | ○ | ကားကိုပုံမှန်စစ်ဆေးသည့်အခါ ပါဝင်သောအချက်နှင့်စံညွှန်းများမှာ ခြေနင်းဘရိတ်၊ လက်ဆွဲဘရိတ်၏ အာနိသင်စွမ်းအင်၊ ဟန်ချက်တို့သည် သတ်မှတ်ခြင်းနှင့်ကိုက်ညီမှုရှိ/မရှိအပြင် မီးမျိုးစုံတို့လည်းပုံမှန်ရှိ/ မရှိ ဆိုသည်တို့ဖြစ်သည်။ |
| 609 | ○ | ကားအင်ဂျင်၊ ကားဘော်ဒီအောက်ပိုင်း၊ ဓါတ်အားစံနစ်၊ ကားတံခါးချို့ယွင်းပျက်စီးမှု၊ မောင်းနေစဉ် အန္တရယ်ရှိကြောင်း အချက်ပြသော်လည်း ချက်ချင်းမပြင်ဆင်သူဆိုလျှင်၊ ကားပိုင်ရှင်အား ဒဏ်ငွေသတ်ပြီး နံပါတ်ပြားသိမ်းမည်။ ပြင်ဆင်ပြီး စစ်ဆေးခံချက်နှင့် ကိုက်ညီသည့်အခါမှသာ ပြန်ထုတ်ပေးမည်။ |
| 610 | ○ | အသေးစားမော်တော်ကားသည် သတ်မှတ်ချက်အရ နောက်ဆွဲကားကို ချိတ်ဆွဲရမည်။ နောက်ဆွဲကားပေါ်တွင် အခြေစိုက်စခန်း၊ အပန်းဖြေကစား၊ ကူးစက်ရောဂါ ကာကွယ်ရေးနှင့် ဘေးကယ်ဆယ်ရေး ကရိယာကိုသာ တင်နိုင်မည်။ ၎င်း တံခါးသည် ခပ်လုံလုံပိတ်နိုင်၊ ပစ္စည်းတွေ ခိုင်မာအောင် စည်းနှောင်၍ တည်ငြိမ်အောင် စုပုံရမည်။ မောင်းနှင်ရာမှာ လူတွေကို မတင်နိုင်၍ ဘေးပြတင်းကို အပြင်သို့ မဖွင့်ရ။ |
| 611 | ○ | ကားမမောင်းမှီ စတီယာတိုင်၊ ဘရိတ်၊ တာယာ၊ မီးရောင်၊ မိုးရေသုတ်တံ၊ ဟွန်း၊ နောက်ကြည့်မှန်နှင့် သတ်မှတ်ချက်အရ တပ်ဆင်ရသည့် မောင်းနှင်ရာဇဝင်မှတ်တမ်းစက်၊ အလေးချိန်မှတ်ကရိယာနှင့် ကားကွေ့၊ ကားနောက်ဆုတ်ရာတွင် သတိပေးသံတို့ ပုံမှန်ရှိ၊မရှိကို စစ်ဆေးရမည်။ |
| 612 | X | ကားတွင် မတူသောသံစဉ်ထွက်သည့်ဟွန်းကို တပ်ဆင်နိုင်သည်။ |
| 613 | ○ | သုံးနေဆဲယာဉ်တွင် ကားခေါင်းမီးကို မိမိဖာသာ HID、LED ပြောင်းတပ်လျှင် အလင်းပြန်မှုမဖြစ်စေရန် ကားခေါင်းမီးစစ်ဆေးသည့် ကရိယာဖြင့် |

| | | |
|---|---|---|
| | | ကားခေါင်းမီးထိုးသည့်ထောင့်ကို ညှိရန်လိုသည်။ ထို့ပြင် ကုန်းလမ်းကြီးကြပ်ရေးဦးစီးဌာန<br>စစ်ဆေးမှုနှင့် ကိုက်ညီမှသာ ပြောင်းလဲတပ်ဆင်ရန် လျှောက်ထားနိုင်သည်။ |
| 614 | ○ | ကားအရောင်ကို ပြောင်းနိုင်သော်လည်း<br>ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကြီးကြပ်သည့်ဌာနတွင် မှတ်ပုံတင် ရမည်။ |
| 615 | ○ | ကားနံပါတ်ပြား ဖျက်သိမ်းပြီးသည့်ကားသည် နံပါတ်ပြားအသစ်ကို လျှောက်နိုင်သည်။ |
| 616 | ○ | ပြင်မရအောင် တံခါးပျက်စီးသွားသည့်ကားကို စွန့်ပစ်ရန် လျှောက်ထားရမည်။ |
| 617 | ○ | ဥပဒေဝန်ထမ်းက ယာဉ်မောင်းအားတားဆီးစစ်ဆေးရာတွင် ယာဉ်မောင်းသည်<br>မိုဘိုင်းလက်ကိုင်ဖုန်း၊ ကွန်ပြူတာ (သို့ ) အခြားအလားတူကိရိယာမျိုး ပြောဆိုသုံးစွဲခြင်း၊<br>အချက်အလက်ပေးပို့ခြင်း   (သို့) ယာဉ်မောင်းခြင်းကို အနှောက်အယှက်ဖြစ်စေမည့်<br>အခြားအပြုအမူများတွေ့ရှိလျှင်၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းကို<br>မထိခိုက်သောအပြုအမူအရာ လိုအပ်လျှင်ဗီဒီယိုရိုက်ထားခြင်း (သို့ )<br>ဓာတ်ပုံရိုက်မေးမြန်းခြင်းတို့ လုပ်ဆောင်နိုင်သည်။ |
| 618 | ○ | အဓိကကြီးမားဆက်သွယ်ကင်းစွာ မောက်ဆီနည်းကြောင်းကို<br>မကြာမီဖြစ်နေတတ်နိုင်ပါသည်။ သက်တမ်းအချို့ 3<br>နှစ်အတွင်းမှာစာမျက်နှာပြောင်းပေးရန် 30 သို့မဟုတ်<br>ကျပ်ကိတ်မျက်နှာအကြွင်းပြောင်းပြောင်းသူကနေ တွေ့ဆုံနေသည့်အချိန်မှာ ပုံမှန်<br>သင်္ကေတများသို့မဟုတ် သွေးဖြူသော ဆက်သွယ်ကင်းစွာမောက်ဆီနည်းကြောင်းကို<br>အပိုကန်ကိုကန် သတ်မှတ်နိုင်ပါသည်။ |
| 619 | ○ | အော်တိုဂီယာသုံးကားကိုမောင်းနှင်စဉ် အင်ဂျင်ရပ်သွား၍ ပြန်နိုးရာ၊ လုံးဝနိုးမရခြင်းသည်<br>၎င်း၏ဂီယာတံသည်  「D」 နေရာတွင် ဆက်တည်နေ၍ဖြစ်နိုင်သည်။ |
| 620 | ○ | ရထားလမ်းဆုံတွင် ကားပျက်(သို့) အဟန့်အတားနှင့်ကြုံလျှင်<br>လိုအပ်သလိုချက်ချင်းဆောင်ရွက်ရမည်။ ၎င်း၏အစီအစဉ်မှာ<br> 「ရထားလမ်းဆုံ၏အရေးပေါ်ခလုပ်ကိုနှိပ်ပါ။」 → 「ပျက်သောကားကို သံလမ်း<br>ပေါ်မှတွန်းဖယ်ပါ။」 → 「ရထားနီးလာလျှင် လူ အမြန်ထွက်ပြေးရမည်။」 |

| | | |
|---|---|---|
| 621 | ○ | ခါတ်(လျှပ်စစ်သုံး) ရထားလမ်း၏ လမ်းဆုံရှေ့နောက်တွင် အမြင့်ပေကန့်သတ်သောတံခါး တပ်ဆင်ထားခြင်းမှာ သတ်မှတ်သောအမြင့်ထက် ပိုသောကားများ မဝင်ရန် သတိပေးခြင်းဖြစ်သည်။ |
| 622 | ○ | ဟိုင်းဝေး (သို့) ဖရီးဝေး၏ ဉမင်လိုဏ်ခေါင်းတွင် မောင်းနှင်စဉ် ကားပျက်သွားလျှင် အန္တရာယ်ရှိကြောင်း သတိပေးမီးကို ဖွင့်ထားရမည့်အပြင်၊ ကားနောက်ပိုင်း မီတာ၁၀၀အကွာတွင် ကားပျက်သည့် သတိပေးဆိုင်းဘုတ်ကို ချထားရမည်။ ပြီးလျှင် အရေးပေါ်ဖုန်း(သို့) ဟန်းဖုန်းဖြင့် သက်ဆိုင်ရာဌာနကို အကြောင်းကြားရမည်။ |
| 623 | ○ | ကားမောင်းသူသည် အဝေးပြေးကားလမ်းထဲဝင်သည့်အခါ ယင်း၏လမ်းခွဲဝတွင် မဝင်ရအမှတ်အသားပြ ဆိုင်းဘုတ်၊ မြှားခေါင်းအပြင်သို့ပြနေသည့် ညွှန်ချက်မျဉ်း၊ (သို့) လမ်းခွဲဝတွင် ရောင်ပြန်ညွှန်တိုင်တို့ ရှိလျှင် ဤလမ်းခွဲဝသည် အထွက်လမ်းခွဲဝဖြစ်ပြီး မည့်သည့်ယာဉ်မျှဝင်ခွင့်မပြုပေ။ |
| 624 | ○ | လမ်းပြင်နေသည့်အမှတ်အသားပြဆိုင်းဘုတ်၊ အဖြူရောင်လေးဒေါင့်ပုံလမ်းမျဉ်း ပြောင်းလဲသည့် သတိပေးဆိုင်းဘုတ်၊ (သို့) လမ်းပြင်သတိပေးယာဉ်ရပ်ထားလျှင်၊ ရှေ့ပိုင်းတွင် လမ်းပြင်နေသဖြင့် အရှိန်လျှော့ကာ သတိနှင့်မောင်းနှင်ရမည်။ |
| 625 | ○ | အဝေးပြေးလမ်းမပေါ်တွင် ယာဉ်မတော်တဆဖြစ်ပွားလျှင် ပြည်ထဲရေးဝန်ကြီးဌာနရဲတပ်ဖွဲ့ဦးစီးဌာနအဝေးပြေးလမ်းရဲစခန်းမှ ဖြေရှင်းသည်။ အမြန်လမ်းမပေါ်တွင် ယာဉ်မတော်တဆဖြစ်ပွားလျှင် ခရိုင်၊မြို့နယ်အစိုးရသက်ဆိုင်သောရဲစခန်း(သို့)ပြည်ထဲရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော ရဲစခန်းမှ ဖြေရှင်းသည်။ |
| 626 | X | ကားမောင်းနှင်နေသောအခါ ရှေ့တွင် လမ်းများ၊ တံတားများကို ယာဉ်ထိန်းဝန်ထမ်းများ ပိတ်ဆို့နေသည်ကို တွေ့ပါက ခရီးနှောင့်နှေးမှာစိုး၍ ၎င်းတို့ကို လျစ်လျူရှုပြီး အရှိန်မြှင့်ကာ မောင်းနှင်ဖြတ်သန်းသွားမည်။ |
| 627 | ○ | အကယ်၍ မိမိသွားလိုသောလမ်းပိုင်းရှိ လမ်းနှင့်တံတားများကို ပိတ်ထားပါက ယာဉ်ထိန်းဝန်ထမ်းများ လမ်းညွှန်မှုကို လိုက်နာပါ။ ထွက်ခွင့်သာရှိပြီး ဝင်ခွင့်မရှိပါ။ ဤလမ်းပိုင်းမှ တတ်နိုင်သမျှ အမြန်ဆုံး မောင်းထွက်ပြီး ထင်သလိုမရပ်တန့်ပါနှင့်။ |

# 汽車法規是非題

| | | |
|---|---|---|
| 628 | ○ | မိုးရွာသောနေ့တွင် တောင်ပေါ်လမ်းသို့ မောင်းနှင်းလျှင် အချိန်မရွေးရဲရေဒီယိုကိုနားဆင်ပါ။ လမ်းအခြေအနေကိုသတိထားပါ၊ သတိစိတ်ထား၍ ပတ်ဝန်းကျင်အခြေအနေ ကိုသတိထားပြီး အန္တရာယ်ရှိသောလမ်းအပိုင်းကို ဖြတ်တမ်းမောင်းနှင်းခြင်းမပြုလုပ်ရပါ။ |
| 629 | X | ကားလမ်းသည် ရာခိုင်နှုန်း၁၀၀မှုချဘေးကင်းသည်။ ထို့ကြောင့် ထွက်ချိန်တွင်လမ်းအခြေအနေကို အထူးသတိထားရန်မလိုပါ၊ လေကြီးမိုးကြီးအချိန်ထွက်လျှင်လည်း မည့်သည့်အန္တရာယ်မှ မရှိနိုင်ပါ။ |
| 630 | ○ | ဗဟိုမိုးလေဝသဌာနမှ မိုးကြီးရွာနိုင်ကြောင်း အထူးထုတ်ပြန်ကြေညာချိန်အတွင်း လမ်းမပေါ်သို့ကျောက်ခဲများအနည်းငယ်ပြိုကျခြင်း (သို့) မြစ်ချောင်းရေဆန်ပိုင်း တွင်မိုးကြီးရွာသောကြောင့် ရေစုန်ပိုင်းရှိတံတားရေချိန်မြင့်တက်လာခြင်းစသည့် လမ်းအန္တရာယ်ဖြစ်ပွားနိုင်သည့်နိမိတ်ကို တွေ့ရှိပါက ဤလမ်းအပိုင်းကိုမမောင်းနှင်းသည့်အပြင် အခြားသွားလာလူများအန္တရာယ်ကင်းစေရန် လမ်းထိန်းသိမ်းရေးဌာန (သို့) ရဲရေဒီယိုထုတ်လွှင့်ဌာနသို့အကြောင်းကြားပါ။ |
| 631 | ○ | ကားစတင်မောင်းနှင်းလျှင် ယာဉ်မောင်းသူ မြင်ကွင်းတစ်လျှောက်ရှိ ဖြေဖျော်မှုဆိုင်ရာပြသသောအသုံးအဆောင်ပစ္စည်း ကိုပိတ်ရမည်။ သို့သော် ကားမောင်းနှင်းစဉ် ထောက်ကူပြုပြသသောအသုံးအဆောင်ပစ္စည်း ၎င်းသတ်မှတ်ချက်တွင်မပါဝင်ပါ။ |
| 632 | X | လမ်းမပေါ်တွင်ကားစတင်မောင်းနှင်းနေစဉ် ယာဉ်မောင်းသူသည်ကားမောင်းထောက်ကူပြုပြသသောအသုံးအဆောင်ပစ္စည်းကို ကြည့်ရှုခြင်းသည် စည်းကမ်းကို ချိုး ဖောက်ခြင်းမဟုတ်ပါ။ ထို့ကြောင့် ကားမောင်းနှင်းရင်း ကားမောင်းထောက်ကူပြုပြသသောအသုံးအဆောင်ပစ္စည်းကို ကိုင်တွယ်ပြုလုပ်ခြင်းလည်း စည်းကမ်းကို ချိုး ဖောက်ခြင်းမဟုတ်ပါ။ |
| 633 | ○ | မော်တော်ကားသည် အမြန်ပို့ဆောင်ရေးစနစ်ယာဉ်နှင့် အတူမောင်းနေသော ယာဉ်သွားလမ်းတွင် မောင်းနှင်ရာမှာ အမြန်ပို့ဆောင်ရေးစနစ်ကားရဲ့အသံကိုကြား သို့မဟုတ် မီးရောင်ကိုတွေ့လျှင် သတ်မှတ်ချက်အရ ယာဉ်သွားလမ်းကို လွှဲပြောင်း၍ ရှောင်ဖယ်ပေးရမည်။ လိုက်လံမောင်းနှင်ခြင်း မပြုရ။ ကားလမ်းဦးစီးဌါနမှ အခြားသတ်မှတ်ချက်ရှိလျှင် ကင်းလွှတ်မည်။ |

# 汽車法規是非題

| | | |
|---|---|---|
| 634 | X | မော်တော်ကားသည် အမြန်ပို့ဆောင်ရေးစနစ်ယာဉ်နှင့် အတူမောင်းနေ၍ မီးပွိုင့်ရှိသော လမ်းကြားသို့ ရောက်ရှိရာမှာ သတိပေးအသံထွက် မီးပွိုင့် အရောင်ထွက်လာလျှင် ကားမောင်းသူသည် အမြန်ပို့ဆောင်ရေးစနစ်ကားကို မရှောင်ဖယ်လိုပေ။ နှစ်ဘက်မှလာသော အမြန်ပို့ဆောင်ရေးစနစ်ကား မရှိလျှင် တိုက်ရိုက်စွာ အရှိန်တိုး၍ ဖြတ်ကူးနိုင်မည်။ |
| 635 | X | ကားမောင်းသူသည် အမြန်ပို့ဆောင်ရေးစနစ်ယာဉ်နှင့် အတူမောင်းနေ၍ မီးပွိုင့်ရှိသော လမ်းကြားသို့ ရောက်ရှိချိန် မီးနီရာမှာ ညာဘက်ကွေ့ပါက ဒဏ်ငွေ ထိုင်ဝမ်ငွေ ၆၀၀-၁၈၀၀ယွမ်ကို ချပေးမည်။ |
| 636 | ○ | ဆီးနှင်းမြေတွင် မမောင်းနှင်ခင် ဆီးနှင်းထိုင်ယာကို လွဲပြောင်း သို့မဟုတ် ဆီးနှင်းကြိုးကို တပ်စဉ်ပြီး ထိုင်ယာနှင့် အပိုထိုင်ယာ လေဖိအား၊ အပြောက်အစင်းအထူကို စစ်ဆေးရမည်။ |
| 637 | X | နှင်းကျ သို့မဟုတ် ရေခဲသည့် လမ်းပေါ်တွင် ဆီးနှင်းထိုင်ယာ သို့မဟုတ် ဆီးနှင်းကြိုးကို သုံးလျှင် ချော်လည်မခံပေ။ |
| 638 | ○ | ဆီးနှင်းမြေတွင် မောင်းနှင်ရာမှာ ချော်လည်လွယ်သောကြောင့် ဘေးကင်းအကွာကို ပိုမိုထိန်းရမည်။ |
| 641 | ○ | ယာဉ်လက်ကျန်းမာရေးလုပ်ငန်းအဖြစ် ယာဉ်ဖြားကားနှင့် လက်ခံမရောက်ဖြစ်များဖြစ်ပါက အပြင်ပုံအဆင်များကို အပြင်ခွင့်အလှူငွေ 1,000 ကျပ်ထားရန် သက်တမ်းအထိ 3,000 ကျပ်ထားရန် ပုံရိပ်မည့်အချိန်အမြင်အတွက်ဖြစ်ပါ။ အင်စတာလုပ်ခင်မှုမရောက်ဖြစ်ပါက တာချီရေခြင်းသူအဖြစ် ယာဉ်လက်မှတ်ပိတ်သော အဆင့်အတန်းကို တစ်ပတ်မှ သက်တမ်းအထိ သားဖိုးခံစားနိုင်ရန် တာချီမှုကာကြီးကို အများတက်အကျဉ်း အစားအစာမှတ်ပိတ်ပို့ဆောင်ရန် ကာကြယ်မှ သားဖိုးခံစားပါ။ |
| 642 | ○ | ကားမောင်းသူသည် ကားတိုက်ပြီး ထိခိုက်မှု သို့မဟုတ် သေဆုံးမှုမရှိ၍ ကားမောင်းနိုင်လျှင် ကားရှိနေရာကို မှတ်ထားပြီး လမ်းဘေးသို့ အမြန်ဆုံးမရွှေ့သဖြင့် လမ်းပန်းဆက်သွယ်ရေး ပိတ်ဆို့ပါက ထိုင်ဝမ်ငွေ ၆၀၀-၁၈၀၀ယွမ် ငွေဒဏ်ချရမည်။ |

# 汽車法規是非題

| | | |
|---|---|---|
| 643 | ○ | ယာဉ်သွားလမ်း သို့မဟုတ် အပြင်လမ်းတွင် ကားတိုက်မှု ဖြစ်ပွားလျှင် ကားမောင်းသူ သို့မဟုတ် အမှုဖြစ်စေသူသည် သင့်လျော်သည့်နေရာတွင် ကားချွတ်ယွင်းမှုသတိပေးအမှတ်အသား သို့မဟုတ် အခြားသတိပေးကိရိယာကို ချထားရမည်။ အမှုခင်းဖြေရှင်းပါက ချက်ချင်းပြန်ယူ၊ လူနာရှိလျှင် အမြန်ဆုံးကယ်ဆယ်ပေးပြီး မီးသတ်ရေးဌာနကို အကြောင်းကြားရမည်။ |
| 644 | ○ | လမ်းပန်းဆက်သွယ်ရေးအမှုခင်းတွင် ထိခိုက်သေဆုံးမှုမရှိ၍ ကားမောင်းနိုင်ပါက အမှုသည်က ကင်မရာ သို့မဟုတ် ဗီဒီယိုကိရိယာဖြင့် ကားတည်နေရာနှင့် ကွင်းဆင်းအခြင်းအရာကို ကောက်ယူရာမှာသော်လည်းကောင်း၊ ကားရွှေ့ပြောင်းရာမှာ သော်လည်းကောင်း လုံခြုံရေး ဂရုစိုက်ရမည်။ |
| 645 | X | ကားမောင်းသူသည် ကားတိုက်ပြီး ထိခိုက်မှု သို့မဟုတ် သေဆုံးမှုမရှိ၍ ကားမောင်းနိုင်လျှင် အမှုဖြစ်စေသောကားနှင့် ကွင်းဆင်းအခြင်းအရာကို ထင်သလိုရွှေ့ပြောင်းခြင်းမပြုရ။ ဘေးကင်းနေရာတွင် ရဲလာရန် စောင့်ရမည်။ |
| 646 | ○ | ယာဉ်ကျန်းမာရေးလုပ်ငန်းအဖြစ် အလယ်အလတ်ပေးပို့သည်အား ပြင်ဆင်မရောက်ရန် သက်တမ်းအနိမ့်အမြင့်များကို အလှူငွေဖြစ်ပါ။ ပြင်ဆင်မရောက်ရန် ကာကြယ်မှသားဖိုးနှင့် ယာဉ်ကျန်းမာရေးကြီးကို အနက်တကန်အလှူငွေ 6 ကျပ်ထားရန် 1 နှစ်အတွင်း ထုတ်ပိတ်ပို့သူကနေ ပြင်ဆင်မရောက်ရန် သက်တမ်းအနိမ့်အမြင့်များကို ယာဉ်လက်မှတ်ပိတ်ပို့သည်ကနေ ယာဉ်ကျန်းမာရေးကြီးကို အနက်တကန်အလှူငွေ 6 ကျပ်ထားပါ။ |
| 647 | ○ | ယာဉ်မောင်းသူသည် ယာဉ် အရှေ့ဘက်၌ရှိသော အခြေအနေများကို အမြဲသတိထားပြီး၊ စည်းမျဉ်းများနှင့်အညီ မောင်းနှင်သင့်သည်။ စက်ဘီးစီးသူများနှင့် တွေ့ဆုံခဲ့လျှင် အန္တရာယ်ကင်း လုံခြုံသည့် အကွာအဝေးကို ထိန်းသိမ်းရမည့်အပြင် စက်ဘီးစီးသူ လမ်းပြောင်းလဲမှု လက်အမူအရာများကိုလည်း ဂရုပြုရမည်။ |
| 648 | ○ | မီးရထားလမ်းဆုံကို လျင်မြန်စွာ ဖြတ်ကျော်ပြီး၊ လမ်းကြောင်းဧရိယာ၌ ရပ်နားခြင်း မပြုပါနှင့် |
| 649 | ○ | ကားမောင်းသူများသည် အနေးယာဉ်များအတွက် ဦးစားပေးလမ်းများကို ဖြတ်သန်း သွားလာသောအခါ ယာဉ်မောင်းများသည် လျှပ်စစ်ထောက်ကူပေးသော စက်ဘီးများနှင့် လျှပ်စစ်စက်ဘီးများကို ဦးစားပေးသင့်သည်။ |

# 汽車法規是非題

| | | |
|---|---|---|
| 650 | ○ | အမြန်လမ်းမကြီးပေါ်တွင် ယာဉ်မတော်တဆမှုကြောင့် လူထိခိုက်ဒဏ်ရာမရှိ၊ သေဆုံးမှုလည်း မရှိသည့်အပြင် ကားလည်းဆက်လက် မောင်းနှင်နိုင်သေးလျှင် ကားတည်ရှိရာနေရာနှင့် အခင်းဖြစ်ပွားရာနေရာရှိ သက်သေအထောက်အထားများကို ရှေးဦးစွာ ရေးဆွဲမှတ်သားထားရမည်။ မှတ်တမ်းတင်ရန် ဓာတ်ပုံ သို့မဟုတ် ဗီဒီယိုရိုက်ထားနိုင်ပြီး ကားကို ယာဉ်ကြောပိတ်ဆို့မှု မရှိစေနိုင်သောနေရာသို့ ရွှေ့ပြီး သက်ဆိုင်ရာဌာနကို အကြောင်းကြားပါ။ |
| 651 | ○ | အမြန်လမ်းမကြီးပေါ်တွင် ယာဉ်မတော်တဆမှုကြောင့် လူထိခိုက်ဒဏ်ရာရရှိသည့်အခါ သို့မဟုတ် သေဆုံးသည့်အခါ ကယ်ဆယ်ရေးလုပ်ငန်းကို ချက်ချင်းလုပ်ဆောင်ပါ။ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ရမည်။ ၁၁၀၊ ၁၉၆၈ သို့မဟုတ် ၁၉၆၈ Appကို ဖုန်းဆက်ပြီး ရဲစခန်း သို့မဟုတ် သက်ဆိုင်ရာဌာနထံ အကြောင်းကြားပါ။ မတော်တဆမှုဖြစ်ပွားသည့်ကားနှင့် အခင်းဖြစ်ပွားရာနေရာရှိ သက်သေအထောက်အထားများကို ကိုယ့်သဘောအတိုင်း မရွှေ့ရ။ သို့သော် လူထိခိုက်ဒဏ်ရာရစေသော |
| 652 | ○ | အမြန်လမ်းမကြီးပေါ်တွင် ယာဉ်မတော်တဆမှုဖြစ်ပွားလျှင် ယာဉ်ချို့ယွင်းနေသည်ဆိုသည့်ဆိုင်းဘုတ် သို့မဟုတ် အခြားသိသာထင်ရှားသော သတိပေးချက်ကို သင့်လျော်သောအကွာအဝေးတွင် ထောင်ထားကာ ယာဉ်မတော်တဆမှုဖြစ်ပွားသည့် နေရာကို ရှင်းလင်းပြီးသည်နှင့် ချက်ချင်းဖယ်ရှားရမည်။ ထိခိုက်ဒဏ်ရာရရှိသူရှိလျှင် ချက်ချင်းကယ်တင်ရမည်။ ၁၁၀၊ ၁၉၆၈ သို့မဟုတ် ၁၉၆၈ Appကို အမြန်ဆုံးဖုန်းဆက်ပြီး ရဲစခန်း သို့မဟုတ် သက်ဆိုင်ရာဌာနထံ အကြောင်းကြားပါ။ |
| 653 | ○ | အမြန်လမ်းမကြီးပေါ်တွင် ယာဉ်ချို့ယွင်းမှု သို့မဟုတ် ယာဉ်မတော်တဆမှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိ၊ သေဆုံးမှုလည်း မရှိသည့်အပြင် ကားလည်းဆက်လက် မောင်းနှင်နိုင်သေးလျှင် နောက်ဘက်မှလာသောကားများ အတိုက်မခံရအောင် ဘေးကင်းသော နေရာကို ရွှေ့ပြီး လာရောက်ကယ်ဆယ်မယ့်သူကို စောင့်ပါ။ ကားလမ်းမပေါ်မှာ မနေပါနှင့်။ ရှေ့ဘက်မှလာသော ကားများကို သတိထားကြည့်ပါ။ နောက်ဘက်မှလာသောကားများ အခြေအနေကိုလည်း ဂရုစိုက်ပါ။ |
| 654 | ○ | အမြန်လမ်းမကြီးပေါ်တွင် ယာဉ်ချို့ယွင်းမှု သို့မဟုတ် ယာဉ်မတော်တဆမှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိ၊ သေဆုံးမှုလည်း မရှိသည့်အပြင် ကားလည်းဆက်လက် မောင်းနှင်နိုင်သေးလျှင် နောက်ဘက်မှလာသောကားများ  အတိုက်မခံရအောင် ကားကို လမ်းပခုံးပေါ်သို့ ရွှေ့ပြီး လူအားလုံး ကားပေါ်မှဆင်းပါ။ အမြန်လမ်းမကြီး |

| | | |
|---|---|---|
| | | အကာအရံစည်းရိုးအပြင်ဘက် သို့မဟုတ် ဘေးကင်းသောနေရာသို့ ရွှေ့သွားပြီး လာရောက်ကယ်ဆယ်မယ့်သူကို စောင့်ပါ။ လမ်းပခုံးပေါ်တွင် မနေပါနှင့်။ နောက်ဘက်မှ လာသောကားများကို သတိပေးပါ။ |
| 655 | ○ | 2023 ခုနှစ် ဇွန်လ 30 ရက်နေ့နောက်မှ ရယူထားသည့် ယာဉ်မောင်းလိုင်စင်များဖြင့် စကူတာဆိုင်ကယ်စီး၍ မရပါ။ |